
စိုးမိုးစာပေ

ပျား

နေပင်လယ်







Digital Art : Idea Kyaw & Wai Yan

အခန်း(၁)

တန့်ကြည့်တောင်ပေါ်စေတီ အစွန်လေးမှာ ထိုင်ရင်း တစ်ဘက်ကမ်း ပုဂံဘုရားများကို ငေး မောနေမိသည် ။

ရှည်လျားကြီးမားသည့် နဂါးတစ်ကောင် လူးလွန့်နေသလို အစဉ်မပြတ် စီးဆင်းနေခဲ့သော ဧရာဝတီမြစ်ကြီးကို အပေါ်စီးမှ မြင်နေရသည် ကလည်း ထိုမြင်ကွင်းကို ရိုးအီငြီးငွေ့သွားသည် မရှိ။

ထို့ပြင် မြစ်ပြင်ပေါ်မှ စုန်ဆန်သွားလာနေကြသည့် သင်္ဘောများ မော်တော်များ တန့်ကြည့် ဆိပ်ကမ်းနှင့် ပုဂံသို့ ပြေးဆွဲနေသော ဇက်ကြီးနှင့် ငါးဖမ်းလှေငယ်လေးများကို သေးငယ်သောအ ပျောက်ကလေးများ အဖြစ် တရွေ့ရွေ့တရွရွ လှမ်းမြင်နေရသည် ။

တောင်ဘက်မှ ပင့်တက်ရိုက်ခတ်လာသည့် လေကြိုကြောင့် ဝဲတက်ဖြတ်သန်းလာခဲ့သော သူ၏ ခရီးတာကိုအဆုံးသတ်မရဘဲ တဟူးဟူး တဟဲဟဲ အသံမြည်လျက် မောဟိုက်နေတော့၏။

အမြဲတမ်း သေသပ်ကျနစွာ ဖြီးထားတတ်သည့် သူ့ဆံပင်တွေကို ထင်တိုင်းဆွဲနှောက်မွှေ့ယမ်း နေသည့် အဖြစ်ကိုပဲ နေတံခါး ကျနပ်နေသည် ။

ဖိုင်ဘာပြားနှင့်အတူ ရောညှပ်ထပ်ထားသည့် ဖိုင်ထဲက စက္ကူစတွေလည်း တဖျတ်ဖျတ်ခါနေ ကြသည် ။

သူထွက်လာခဲ့တာ ဒီနေ့နဲ့ ဆို ဆယ့်သုံးရက်ရှိသွားပြီ။

“ဒီဝါမကျွတ်ခင် သားလက်ထပ်ရမယ်နော်”ဟု သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ရှေးရိုးစဉ် လာ ထုံးစံတစ်ချက်ကို ကိုင်ထားကြသော အဒေါ်အပျိုကြီးတွေ ခုလောက်ဆို ဘယ်လောက် ယောက် ယက်ခတ်နေကြမလဲ။

“အမလေး ရုပ်ရှင်မင်းသားမှ မဟုတ်ဘူး နော်၊ စာရေးဆရာလည်း နာမည်ကျော်လာရင် ဒုက္ခ များ တာပဲ။ ရုပ်ပြစာအုပ်တွေကျောဘက်မှာ ကြည့်ပါလား။ နည်းနည်းလေး နာမည်ကျော်လာတာနဲ့ ဆရာ့ကို အား ပေးနေတဲ့ ဘယ်သူပါ ဘာညာပါ၊ ဆရာ့မှာ အိမ်သူမရှိဘူးလား အဖော်မ ရှိဘူးလား ဓာတ်ပုံလေးထည့်ပေးပါနော်... အို...ကဲလိုက်ကြတာ မပြော ချင်တော့ဘူး.. ဟိုပန်းချီဆရာက အိမ် ထောင်သည် တွေဆိုရင် အကြောင်းလား... ကျုပ်တို့ သားက လူပျိုချောချောလှလှလေး ဓာတ်ပုံသာ ထည့်ပေးလိုက်မိရင် သွားပြီ”

“ဟုတ်တယ်...ဟုတ်တယ်....ဒီကလေးကို စိမ့်သက်နဲ့ မြန်မြန်လက် ထပ်ပေးလိုက်မှ အေးမှာ ကျုပ်တို့ အပျိုကြီးတွေ စုပြုံပေးမယ့်အမွေတွေကို မက်ပြီး အကြံကြီးကြံသူနဲ့ မတွေ့ဘူးလို့ ပြောလို့ ရ မလား”

“ဟုတ်ပါ့”

အဒေါ်သုံးယောက်သည် ကပ်စေးနဲ့လှသည် မဟုတ်သော်လည်း စည်းစိမ်ဂုဏ်ရှိန်နှင့်မာနက

တော့ တရားလွန်ကြီးကြသည် ။

တူလေးတစ်ယောက်တည်းကို တုန်နေအောင် ချစ်သလောက် ယင်နားတာတောင် မကြိုက် သည့်အဖြစ် ရောက်လာသည် ။ မိတ်ဆက်စာမှန်သမျှကို သူတို့ ပဲ အရင်ဖတ်သည် ။ ဒီစာကို ပြန် ဒီစာကို မပြန်နဲ့ သူတို့

ပဲ စီမံခန့်ခွဲ၏။

နေတံခါး ထိုသုံးယောက်လက်ထဲမှ ကျဉ်းကျပ်စွာ ကြီးပြင်းခဲ့ရပြီး စာရေးခြင်းအလုပ်ကို ဝါ သနာထုံခဲ့သောအခါ ခရီးထွက်ဖို့ ကပါ ဖန်လာခဲ့သဖြင့် ထိုကျဉ်းကျပ်ခြင်းများက မကြာခဏ ခရီး ထွက်ခြင်းဖြင့် အဆင်ပြေနေသည် ။

ထိုစဉ် အတွေးများ နှင့် လွင့်မျောနေသည့် သူနားသို့ ရေစက်တွေ ဖျန်းခန ကျလာ၏။ ရေတို့ သည် ဖိုင်တစ်ထပ်လုံးကို စိုရွှဲစေပြီးမှ သူ့တင်ပါးတစ်ခြမ်းသို့ လှမ်းကူးနှုတ်ဆက်တော့

ဒေါသ ထောင်းခနဲဖြစ်သွားမိပြီး ရေလာရာကို ချက်ချင်း ထလျှောက်သွားမိ၏။ ဘုရားရှေ့မှာ ဆွမ်းကပ်ဖို့ ပြင်ဆင်နေသည့် ကောင်မလေးတစ်ယောက်...ဒေါမောနှင့် ထလာသည့် သူ့ကို ပြူးဝိုင်း သည့် မျက်ဝန်းကလေးများ နှင့် မော့ကြည့်၏။

အသက်က ဆယ့်သုံးနှစ်လောက်ပဲ ရှိဦးမည်။

အသားဖြူဖြူ နှုတ်ခမ်းရဲရဲလေးများ နှင့် ရုပ်ကလေးမဆိုးလှသော်လည်း စုတ်ချာချာ ပုံစံလေး ကြောင့် အကျည်းတန်နေ၏။

“ကိုကြီး ... ဘာ...ဘာလိုချင်လို့ လဲဟင် ... ရေလား...ဒီမှာ ပုံပုံခပ်လာတာ အများကြီးပဲ ယူ ပါ”

ကောင်မလေးက သူဘာလုပ်လိုက်သည် မှန်း သတိရပုံမပေါ်ဘဲ အဝါရောင်လက်ဆွဲပုံးလေးထဲ မှာ တစ်ဝက်ခန့်ရှိနေသည့်ရေကိုပါ ပေးနေသေးသည် ။

“ရေကို ငါက ဘာလုပ်ရမှာ လဲ”

ဟု အော်လိုက်တော့ နှုတ်ခမ်းလေးဝိုင်းတက်သွားလျက်....

“ဟိုဘက်မှာ ဆွမ်းသွားကပ်ဖို့ မဟုတ်ဘူး လား”

ဟု မရဲတရဲလေး ထပ်မေးလေရာ နေတံခါး ဒေါသတော့ တစ်ဝက် သာသာခန့်ထိ ဖြုတ်ခနဲ လျော့ကျသွား၏။

ပိုးစိုးပက်စက်ပစ်ထား၍ ဖြီးထားပုံလည်း မရှိ၊ နောက်မှာ ဖြစ်သလို စုစည်းထားသည့် ဆံပင် နီကျင်ကျင် ခပ်ပါးပါး ဖရိုဖရဲနှင့် မျက်နှာလေး ကို ကရုဏာစိတ်တို့ ချက်ချင်းဖြစ်တည်ကာ ...

“စောစောက ဟိုဘက်ကို ရေတွေပက်လိုက်တာ မင်းမဟုတ်လား”

“ဟင်....အယ်...”

ဒီတော့မှ ပုံပုံဆိုသော ကောင်မလေး မျက်လုံးလေး ပိုပြူးသွားကာ သူ့ကို ပျာပျာသလဲ လိုက်ငုံ့ ကြည့်၏။

“ဟုတ်...ဟုတ်ကဲ့ ကိုကြီးကို ပက်မိသွားလားဟင်...”

“ငါ့ကို ပက်မိရုံတင် မဟုတ်ဘူး ၊ ဟိုမှာ စာရွက်တွေပါ စိုကုန်တာ...”

“ဟော့တော်”

ပုံပုံက သူရေပက်လိုက်သည့် နေရာကို ချက်ချင်းပြေးသွားကြည့်၏။ ပြီးတော့ ဖိုင်ကို ကောက် ယူကာ သူ့ရင်ဘတ်လေးနှင့် ရေတွေကို သုတ်ပ စ်၍ ခြောက်အောင်လုပ်၏။

“ဟော့...မလုပ်နဲ့ .... မလုပ်နဲ့ မင်းကိုယ်က မသန့်တဲ့ ဟာ စာရွက်တွေ ပေကုန်မှာ ပေါ့”

“ဟင်”

အပြစ်လုပ်မိပြန်ပြီဆိုသော ချောက်ချားစွာနဲ့ ကြည့်ရှာသည့် ကောင် မလေးကို နေတံခါး သနားသွားကာ....

“နေပါစေတော့ ရပြီ”

သူဖိုင်ကို သူဆွဲယူသိမ်းလိုက်၏။

“မင်းနာမည် ပုံပုံတဲ့ လား”

“ဟုတ်”

“ဒီ့ပြင်နာမည် မရှိဘူးလား’

“ရှိတယ် ပုံပမာပါ၊ ပုံပုံဆိုတာ ဒွေးညိုတို့ ခေါ်ကြတာ”

ပုံပုံက ဆွမ်းတော်ကပ်တဲ့ နေရာကို လျှောက်သွားတော့ လက်ပိုက်လျက် သူလိုက်လျှောက်သွား မိကာ….

“မင်းက ဘုရားဖူးတော့ မဟုတ်လောက်ပါဘူး”

“ဟင့်အင်း ပုံပုံက ဒီရွာကပဲ၊ မနက်တိုင်း ဒွေးညိုတို့ ကို လာပြီး ဆွမ်းတော်ကပ်ဖို့ စားသောက် ဖို့ ချက်ပြုတ်ပေးရတယ်၊ ဆွမ်းတော်ကပ်ပြီးမှ အောက်ကိုပြန်ဆင်းတယ်”

ပုံပုံက ထမင်းနဲ့ ဟင်းပွဲ သေးသေးလေးတွေကို ဗန်းကလေးထဲမှာ ကျကျနနပြင်ဆင်ပြီးမှ ဘုရားရှေ့မှာ ဆွမ်းလောင်းပွဲတင်၏။

ရေသီးလေးတွေထနေသည့် သပြေပန်းနီရဲရဲ အညွှန့်လေးတွေဟာ ပုံပုံခုပဲလဲထားသည့် ပန်း တွေမှန်းသိသာနေ၏။

ဆွမ်းတော်ပွဲပြင်နေသည့် ပုံပုံ့လက်က ချေးညှော်မစင်သည့် လက်သည်းရှည်တွေကို မြင်လျှင် နေတံခါး နှာခေါင်းရှုံ့မိ၏။

“ဆွမ်းတော်ပွဲတွေပြင်နေပြီး မင်းလက်က ညစ်ပတ်နေတာပဲ အဲဒါ ငရဲကြီးတတ်တယ်”

ပြောလိုက်မှ ပုံပုံက လက်ဖဝါးနှစ်ဖက်ကို ကပျာကယာ ကွယ်ပစ်ပြီး

ရယ်၏။

“သေချာဆေးထားတာပါ၊ လက်ဖဝါးက သန့်ပါတယ်”

ပြောပြီး နေပူခံကျောက်ပြားစိမ်းစိမ်းလေးတွေပေါ်မှာ ပုံခနဲထိုင်ချကာ ပါးစပ်က ရွှစိရွှစိခဏာ လေး ရွှတ်ဆိုလိုက်ပြီး ဦးသုံးကြိမ်ချချက်ချင်းထရပ်၏။

ဩော်... အဲဒါ ဘုရားဆွမ်းကပ်တာပဲဖြစ်ရလေ ... ကြီးမေတို့ ဆို ဆွမ်းကပ်ဖို့ ဘုရားခန်းသွားတာ နာရီနဲ့ ချီပြီး ကြာသည်။

ဘုရားရှိခိုး ဆွမ်းတော်ကပ် တရားထိုင် အမျှဝေ၍ ကြေးစည်တီး ခုကျတော့ ကောင်မလေး

ဘုရားရှိခိုးပြီဟု တွက်၍ သူထွက်သွားမလို့ ခြေလှမ်းပြင်နေတုန်း ပြီးသွားပြီး....

“ကိုကြီးက ဘယ်ကလာတာလဲဟင် ... ဟိုကြော်ငြာလေး ရိုက်တဲ့ အဖွဲ့ကလား”

“ဘယ်က ကြော်ငြာအဖွဲ့လဲ”

“ပြန်သွားပြီလားတောင်မသိဘူး ... ဟို အောင်သိဒ္ဓိ အမွေးတိုင်ကြော်ငြာလေ”

ဒီတော့မှ သူသဘောပေါက်သွားကာ

“အဲဒါတွေ မင်းဝါသနာပါသလား”

“ပါတာပေါ့ ... ပုံပုံက ရုပ်ရှင်မင်းသမီးသိပ်ဖြစ်ချင်တာ၊ ကိုကြီးက ရန်ကုန်ကလာတာလား ဟင်...”

“ဟုတ်တယ်”

“ရန်ကုန်မှာ ရုပ်ရှင်မင်းသမီးတွေ အများကြီးပဲဆို”

“ရှိတယ်”

“ပုံပုံကြည့်ချင်လိုက်တာ သူတို့ အရမ်းလှမှာ ပဲနော်”

“လှအောင်ပြင်ထားရင် လှတာပေါ့”

ပုံပုံက ရေပုံးလေးကို ကိုင်ထားပြီးမှ မဆွဲဖြစ်သေးဘဲ သူ့ကို မော့ကြည့်၏။

“လှအောင်ပြင်ရင် လှတာပဲလားဟင်”

“လှအောင်ပြင်ပါတယ်ဆိုမှ လှတာပေါ့ ...မလှတာကို ပိုရုပ်ဆိုးသွားအောင် မလုပ်မိဖို့ တော့ လိုတာပေါ့”

ဩော်....

“ဟဲ့... ပုံပုံ ဘယ်ရောက်နေတာလဲ ဒီကောင်မလေး”

“ရှန်... ဒွေးညို...ပုံပုံဒီမှာ ”

လူမမြင်ရဘဲ ခေါသံထွက်ပေါ်လာလျှင် ပုံပုံ သူ့ကိုပင် နှုတ်မဆက်ဘဲ ချက်ချင်းပြေးထွက်သွား ၏။

ဆွမ်းတော်ပွဲနှင့် ရေပုံးက ဒီအတိုင်း။

နေတံခါး ခပ်လှမ်းလှမ်းမှာ ပဲ ထိုင်နေလိုက်မိသည် ။

ဒါတွေသိမ်းဖို့ ပုံပုံပြန်လာဦးမည်ဟု ထင်၍ ဖြစ်သည် ။

တစ်ယောက်တည်း တွေးငေးနေတာထက်စာလျှင် အမေးအမြန်းထူ၍ စကားသွက်သော ကလေးမလေးတစ်ယောက်နှင့် စကားပြောနေရလျှင် အပျင်းပြေနိုင်သည် ဟု တွေးမိ၏။

ပြီးတော့ ပုံပုံကိုသူ မြင်မြင်ချင်း ကရုဏာ သက်မိခြင်းလည်း ဖြစ်၏။

သိပ်မကြာမီမှာ ပဲ ပုံပုံရောက်လာကာ သူ့ဘေးမှာ ဂါဝန်စလေးသိမ်း၍ ကျုံ့ကျုံ့လေးဝင်ထိုင် လိုက်၏။

“ဒွေးညို့ ပုံပုံ့ကို ဘုရားဖူးတွေနဲ့ စကားပြောတာ မကြိုက်ဘူး”

“ဟင်... ဘာဖြစ်လို့ လဲ”

“မသိဘူး သူငယ်ချင်းတွေနဲ့ ဆော့တာလည်း ဆူတာပဲ”

“သူတို့ က ဒီတောင်ပေါ်မှာ ဘာလုပ်နေကြတာလဲ”

“ဒွေးညိုက သီလရှင်လေ... သီလရှင်တွေချည်းရှိတဲ့ အဆောင်မှာ နေတာပေါ့၊ ဒီစေတီ အောက်ချိုင့်ထဲမှာ ဘုန်းကြီးကျောင်းတွေ သီလရှင်ကျောင်းတွေ သပ်သပ်စီရှိတယ်။ ကိုကြီးမမြင်ဘူး လား”

“မြင်တယ်”

“တည်းခိုဆောင်ကြီးရဲ့ ဘေးမှာ ပဲ”

“အင်း...”

“ပုံပုံက အဲဒီမှာ ကူလုပ်ပေးရတာ မနက်ပိုင်းစားသောက်ပြီးမှ ညစာ ပါထုပ်ယူပြီး ပြန်ရတာ”

“ဟင်...မင်းမှာ မိဘတွေမရှိတော့ဘူးလား”

ပုံပုံက မသန့်ရှင်းသော လက်သည်းရှည်များ နှင့် ညစ်ပတ်နေသည့် ခေါင်းကိုတစ်ချက်ကုတ်၍ မျက်ခုံးထူထူလေးတွေ တွန့်ရုံ့လျက်

“ရှိတော့ရှိတယ်၊ ဒါပေမဲ့ အဖေက ပုံပုံကို ထမင်းမကျွေးဘူး။ သူ့အရက်ဖိုးပဲ ရှာတယ်.... အ လုပ်က ပြန်မူး လာပြီး အိပ်တာပဲ အိမ်မှာ ထမင်းအိုးမှ မရှိတာ”

“ဟောဗျာ”

ကမ္ဘာ့ထူးဆန်းအံ့ဖွယ်တွေပါလား။

ပုံပုံဆိုသော ကောင်မလေးသည် သူထင်တာထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းနေပြီကော။

“ပြောပါဦး မင်းမှာ အမေမရှိဘူးလား၊ ထမင်းအိုးတောင် မရှိရတာဘာဖြစ်လို့ လဲ”

“အမေ့ကို ပုံပုံငယ်ငယ်ကတည်းက မမြင်ဖူးဘူး။ ပုံပုံ့ကို မွေးပြီး တစ်နှစ်လောက်ပဲကြာတော့ သေသွားတာတဲ့ ၊ လူတွေကပြောတော့ ဖေဖေက သိပ်ဆိုးတာပဲတဲ့ ၊ အမေ့ကို စိတ်ညစ်ပြီးသေအောင် လုပ်ပစ်တာတဲ့ ။ အဲဒါကြောင့် ပုံပုံ အဖေ့ကိုသိပ်ကြောက်တာ၊ အိမ်မှာ ရှိသမျှ ပစ္စည်းတွေ အဖေ ရောင်း စားတယ်။ ထမင်းအိုးဟင်းအိုးတွေကိုကောပဲ ဘာမှ မရှိတော့ဘူး။ အဲဒါ သီလရှင်ဝတ်နေတဲ့ အဖေ့ အစ်မ ဒွေးညိုက ပုံပုံ့ကိုကျွေးထားတာ”

“မင်း ကျောင်းမနေဖူးဘူးပေါ့”

“နေဖူးတယ် ပုံပုံ ခြောက်တန်းအောင်ပြီးပြီ...”

“ဒါပေမဲ့ ဒွေးညိုတို့ လည်း ဆက်မထားနိုင်တော့ပါဘူး။ ပိုက်ဆံစုပေးကြတဲ့ ဒွေးလုံးတို့ လည်း မတတ်နိုင်တော့ဘူးတဲ့ ။ ဒီနှစ်ကျောင်းဖွင့်ရင်တော့ ဘုန်းဘုန်းက ဆက်ထားပေးမယ်လို့ ပြောတာပဲ ...”

“မင်းက ကျောင်းသိပ်တက်ချင်တာပဲလား”

သူထင်သလိုမဟုတ်ဘဲ ပုံပုံက ခေါင်းလေးခါပြလေသည် ။

“တက်ချင်ပေမယ့် မတက်တော့ပါဘူး”

“ဘာဖြစ်လို့ လဲ”

“ကျောင်းတက်နေရင် ပုံပုံ ညစာအမြင်တော်တယ်၊ မနက်စောကြီး ထမင်းထချက်ပြီး ဆရာ တော်များကျောင်းသွားတက်ရတော့ ပြန်လာတော့ ညစာချန်ထားတဲ့ ထမင်းတွေ မရှိတော့ဘူး။ အဖေ က အကုန်စားပစ်တာ”

“သူ့ဟာသူ ရှာမစားဘူးလား”

“စားတယ် စားပြီးလည်း ပုံပုံမစားရအောင်လို့ တဲ့ အကုန်စားပစ်တာပဲ”

အံ့သြရပြန်ပြီ၊ ဟုတ်မှ ဟုတ်ရဲ့ လားဟု လည်း တွေးမိ၏။

“သူက မင်းအဖေအရင်းလား”

“အရင်းပါ”

ဟုတ်ရဲ့ လားဟု ထပ်မမေးရက်သော်လည်း မယုံနိုင်။

အဖေဆိုသော ထိုပုဂ္ဂိုလ်ကို မြင်တွေ့ချင်စိတ်က ချက်ချင်းပြင်းပြလာသည် ။

“သူက မိန်းမမယူဘူးလား”

“ဘယ်ယူမလဲ မိန်းမတွေကို သိပ်မုန်းတာ၊ သူတအားမူး လာပြီဆို ပုံပုံ နောက်ဖေးက မထွက် ရဲတော့ဘူး။ အိမ်ရှေ့က ဖြတ်သွားသမျှ မိန်းမဆိုလည်း မြင်တာနဲ့ အော်ဆဲတော့တာပဲ”

“ခံရတဲ့ သူတွေက ငြိမ်နေတာပဲလား”

“အမြဲ ဒီလိုပဲလား ဆန်းမှ မဆန်းတော့တာ”

မိန်းမတွေကို မုန်းသည် ဆိုမှ နေတံခါး နားလည်သလိုဖြစ်လာခဲ့သ

ည် ။

ဒီလူကြီး ပုံပုံရဲ့ အမေနဲ့ ပတ်သက်၍ နာကျည်းဖွယ်ရာတစ်စုံတစ်ရာ ရှိခဲ့နိုင်သည် ။ ဘာပဲဖြစ် ဖြစ် ပုံပုံတို့ မိသားစုလေးကို သူစိတ်ဝင်စားနေပြီ ဖြစ်၏။

“ပုံပုံသွားတော့မယ်နော် ကိုကြီး ဆွမ်းတော်စွန့်လိုက်ဦးမယ်”

ပုံပုံက ပြော၍ ချက်ချင်းထကာ ဆွမ်းတော်စွန့်သည့်အုတ်ပြားပေါ်မှ ဆွမ်းလေးကို သေသေ ချာချာစွန့်၍ ဆွဲခြင်းအစုတ်လေးထဲမှ လင်ဗန်းနဲ့ ဆွမ်းတော်ပန်းကန်လေးတွေကို စီထည့်၏။

ပြီးတော့ ရေချိုင့်ကိုဆွဲ၍ သူ့ကိုလှည့်ပြုံးပြကာ သွားမယ်နော်ကိုကြီး ဟု ထပ်နှုတ်ဆက်၏။

“နေဦး”

နေတံခါးက ထိုနေရာက ထလျှောက်လာ၍

“နောက်နေ့ ဒီမှာ ပဲ ဆွမ်းတော်ကပ်မှာ လား”

“ဟင့်အင်း ခေါင်းလောင်းကြီးနားမှာ ကပ်မှာ ကိုကြီးက မပြန်သေး ဘူးလားဟင်”

“မပြန်သေးဘူး အဲဒီခေါင်းလောင်းကြီးနားက စောင့်နေရင် ရတယ် ပေါ့...”

“ဟင် ... ပုံပုံ့ကိုလား”

“အင်း....”

သူ့ကိုစောင့်မည်ဆို၍ ကစား‌ဖို့ အဖော်ရသွားသည့်ကလေးတစ်ဦးသ ဖွယ် ပုံပုံမျက်နှာလေး ဝင်းလက်သွားသည် ။

“စောင့်နေကိုကြီး ပုံပုံဆီးသီးတွေခူးလာခဲ့မယ်...”

“ခူးမလာပါနဲ့ ကွာ မင်းလက်တွေက ညစ်နေတာ မစားချင်ပါဘူး”

“လက်သည်းတွေ ညှပ်ခဲ့မယ်လေ...”

“မင်းတစ်ကိုယ်လုံး ညစ်နေတာပဲကွ”

“ရေချိုးခဲ့မှာ ပေါ့ အခုပြန်ရင် အင်္ကျီဆင်းလျှော်မယ် မနက်ဖြန်ဝတ်ခဲ့မှာ ပေါ့”

သနားစရာကလေးရယ် ....

နေတံခါး စိတ်မကောင်းဖြစ်သွားမိကာ သူ ခေါင်းညိတ်လိုက်မှ ဝမ်းသာအားရ ပြေးထွက်သွား သည့် ပုံပုံလေး၏ ကျောပြင်ကို လှမ်းငေးနေမိသည် ။

***

တန့်ကြည့်တောင်စေတီတော်အတွက် နဝကမ္မအလှူတော်ငွေ နှစ်သိန်း တောင်ပေါ်မှာ သီတင်း သုံးနေကြသည့် ဆရာတော် သံဃာမြတ်များအတွက် အလှူငွေတစ်သိန်းနှင့် သီလရှင်ဆောင်ကို သူ နောက်ဆုံးကျမှ တစ်သိန်းလှူသည် ။

မြို့ကြီးပြကြီးမှာ ကဲ့သို့ ထည်ဝါခမ်းနားစွာ ပေးအပ်လှူဒါန်းသည် မဟုတ်သော်လည်း ဆရာ တော်ကြီးများ ရှေ့မှာ အလှူငွေကို ကပ်၍ ဦးချ လှူဒါန်းရသည် မှာ လွန်စွာ ချမ်းမြေ့ကြည်နူးဖွယ် ကောင်းလေသည် ။

တန့်ကြည့်တောင်ပေါ်မှာ ဆရာတော်ကြီးများကသာ ဦးစီးအုပ်ချုပ်ကာ တောင်ပေါ်မှ ရေမီး ပြည့်စုံဖို့ ကို အစစအရာရာ ဦးဆောင်ခဲ့ကြသည် ။

တည်းခိုဆောင်အဖြစ် နှစ်ထပ်အဆောင်ကြီးကလည်း သူနေရာနဲ့ သူ ခမ်းနားနေသည် သာ။ ဆရာတော်ကြီးများကိုလှူဒါန်းပြီး သီလရှင်ဆော င်ကို သူရောက်တော့ တောင်ပေါ်မှာ အလှူငွေလေး သိန်းပေးအပ်လှူဒါ နဲ်းသော အလှူရှင်အဖြစ် ဓမ္မဒါနလက်ဆောင်စာအုပ်တွေ ချီးမြှင့်သည် ။ သာဓု ခေါ်၍ ဆုတောင်းမေတ္တာပို့ကြ၏။

သူ ထိုနေရာမှ သေချာထိုင်မိတော့မှ ဆရာလေးတွေ အတော်များကြောင်း သိခဲ့ရပါသည် ။

“ဟို ဆရာလေးတို့ ထဲမှာ ဒွေးညိုဆိုတဲ့ ဆရာလေး ဘယ်သူပါလဲခင် ဗျာ”

“ဒွေးညို...”

“ဩော်”

ဆရာလေးတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး

“သုမာလာစာရီကိုပြောတာ ဖြစ်မယ် သူ့ရဲ့ လူနာမည်က မမြည်လေ ...”

“ဟုတ်ကဲ့ ... ပုံပုံရဲ့ အဒေါ်ကို ပြောတာပါ...”

“ဒွေးညိုဆိုတာ ဆရာလေးပါ၊ ဘာအကြောင်းများ ရှိလို့ လဲကွယ်”

အသားညိုညို မျက်လုံးမျက်ဝန်းကောင်းကောင်း နှင့် အသက်ငါးဆ ယ်ခန့် ဆရာလေးက လက်ဖက်သုတ်အစ်ကလေးရှေ့မှာ လာချပေး၍ ထို င်လိုက်၏။

အနားမှာ ဝိုင်းထိုင်နေကြသည့် ဆရာလေးများက နေရာရွှေ့ဖယ်ပေး ကာ

“ပုံပုံနဲ့ ဘုရားပေါ်မှာ ဆုံခဲ့ပြီထင်တယ်”

“ဟုတ်ကဲ့”

ဆရာလေးတွေနဲ့ စကားဆက်ပြောလျှင် ဟုတ်ကဲ့လား တင်ပါ့လား ဘယ်လိုပြောရမည်ကို နေတံခါး မသိပါ။

သို့သော် တင်ပါ့ ဘုရားဆိုတာ သံဃာတော်များကိုသာ သုံးနှုန်းဖို့ ဟု ခံယူ၍ ဟုတ်ကဲ့ဟု သာ ပြောဖြစ်တော့သည် ။

ဆရာလေးများကလည်း ထိုသည် ကို ဂရုမထားကြဘဲ ဖော်ရွေပြုံးချို နေကြလျက် ထန်းလျက် များ ငှက်ပျောသီးများ နှင့် ပေါက်ပေါက်ဆုပ် ပဲ ချောင်း စားစရာတွေကို ရှိသမျှ အကုန်တည်ခင်းကျွေး မွေးကြ၏။

သူကတော့ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းကို ရှေ့တည့်တည့်မှာ တိုး ရွှေ့ပေးသည် အထိ ဘာကို မှ မနှိုက်ဖြစ်ဘဲ ပုံပုံနဲ့ ပတ်သက်သမျှကိုသိဖို့ သာ အာရုံစိုက်နေမိခဲ့သည် ။

“ပုံပုံကတော့ ဒီကဆရာလေးအားလုံးရဲ့ သမီးလိုပါပဲ ဒကာရယ် သူ လေးက လိမ္မာတယ် ချစ် စရာကောင်းတယ် သနားစရာလေးမို့လို့ လည်း ဒီတောင်ပေါ်က ဆရာတော်တွေကအစ ဟောဒီက ဆရာလေးတွေအား လုံး သူ့ကိုကျွေးမွေးစောင့်ရှောက်ခဲ့ကြတာပေါ့”

“သူက မိဘတွေမရှိတော့ဘူးလား”

နေတံခါးက အစကနေ ပြန်မေးလိုက်တော့ ဒွေးညိုက ခေါင်းညိတ်ပြ လိုက်၏။

“မရှိဘူးလို့ ပဲ ပြောပါတော့ကွယ် ဖအေတစ်ယောက်ရှိပေမယ့်လည်း သိပ်မိုက်တဲ့ လူပါ၊ ဒွေးညို က ဆယ့်လေးနှစ်သမီးကတည်းက သီလရှင် ဝတ်ခဲ့တာကွယ်”

“ဟုတ်ကဲ့”

“ပုံပုံရဲ့ အဖေ မင်းညိုက ဒွေးညိုရဲ့ မောင်လေး ဒွေးညိုတို့ မှာ ငယ်ငယ်ကတည်းက အဖေမရှိခဲ့ တာ အမေက နောက်အိမ်ထောင်ပြုပြီး ပထွေးနှိပ်စက်တာကိုမြင်နေရတော့ ဒွေးညိုက သီလရှင်ဝတ် ပစ်လိုက်တယ်၊ အမေလည်း သိပ်မကြာလိုက်ပါဘူး ဆုံးသွားတာပဲ မောင်လေးကတော့ ပထွေးနဲ့ ကျန် နေခဲ့တယ်”

ဒွေးညိုက ပြောနေရင်း စိတ်မကောင်းဖြစ်လာပုံနှင့် သက်ပြင်းရှည်တစ်ချက်ချကာ

“မောင်လေးက သနားကမားရပ်ရည်ရှိတယ်၊ ကျွန်းချောင်းဓာတ်မြေဩစက်ရုံမှာ စာရေး လုပ်တယ်၊ သူဂုဏ်ဒြပ်လေးနဲ့ သူတော့ ထည်ထည်ဝါဝါပါပဲ ပုံပုံလေးရဲ့ အမေက မကွေးသူပဲ အရာရှိ တစ်ယောက်ပေါ့၊ နောက်တော့ စက်ရုံမှာ သူတို့ ဘယ်လိုဆုံဖြစ်သွားလဲ မသိပါဘူးကွယ် မောင်လေးက တမ်းတမ်းစွဲ ဖြစ်ပါလေရော၊ အမာလွင်က မောင်လေးထက် လေးငါးနှစ်လောက်ကြီးတယ် ဆံပင်က

အရှည်ကြီးပဲ၊ သိပ်ကျက်သရေရှိပြီး ယဉ်လိုက်လှလိုက်တာ ပြောစရာမရှိဘူး...”

“ဟုတ်တယ် လပြည့်လကွယ်နေ့တိုင်း တောင်ပေါ်မှာ ဘုရားလာဖူးတယ်ကွယ့်”

ထိုင်နေသည့် ဆရာလေးတစ်ပါးကလည်း ဝင်ပြောသည် ။

“ဒကာလေး စားစရာတွေလည်း သုံးဆောင်ပါဦး၊ ရေနွေးကြမ်းလဲသောက်....”

“ဟုတ်ကဲ့ခင်ဗျ”

နေတံခါး ထန်းလျက်တစ်ခဲကို ပါးစပ်ထဲကောက်ထည့်ဝါးကာ ရေနွေးကြမ်းတစ်ပန်းကန်ကို ပူပူလောလောကြီး မျိုချပစ်လိုက်ရသည် ။

အချိုမကြိုက်သည့်သူမို့ ထန်းလျက်တစ်ခဲက ပါးစပ်ထဲမှာ အတော်ကြီးဒုက္ခပေးသွား၏။ တကယ်တော့ ဘာမှ မတို့ မထိဘဲ နေရမှာ အားနာစရာပါ...

“ဆက်ပြောပါဦးဒွေးညီ.... ကျွန်တော် စိတ်ဝင်စားပါတယ်”

“ပြောပြမယ် နောက်တော့ သူတို့ ချစ်သူတွေဖြစ်သွားကြပြီး တစ်လလောက်ပဲကြာတယ်။ ယူ လိုက်ကြရောကွယ်၊ အဲဒီမှာ ပုံပုံလေးကို တန်းရှိတာပေါ့”

“ဩော်...”

သီလရှင်တွေကြားထဲမှာ နေတံခါး မျက်နှာဖျန်းခနဲပူသွား၏။

“အဲဒါနဲ့ ကိုယ်ဝန်ခြောက်လလောက်မှာ လူငယ်တစ်ယောက်လိုက်လာပြီး အမာလွင်ကို သူ့ ချစ်သူပါလို့ ပြောတော့တာပဲ၊ သူနဲ့ ပြန်လိုက်ခဲ့ဖို့ ပြောတယ်။ ဒီကလေးကိုယ်ဝန်က သူ့ကိုယ်ဝန်မို့ သူ တာဝန်ယူမယ်လို့ ဖြစ်လာတော့ မောင်လေးက အရှက်ကြီးရှက်သွားပြီး ဒါကိုအမှန်ဖြစ်မယ်လို့ ယူဆ သွားတာပေါ့၊ ဒါကြောင့်သာ အမာလွင်က သူနဲ့ ချက်ချင်းလက်ထပ်ဖို့ သဘောတူတာဆိုပြီး စိတ်ရိုင်း တွေဝင်တော့တာပဲ”

“ဟိုတစ်ယောက်နဲ့ ပြန်မထည့်လိုက်ဘူးလား”

“အဲဒီလိုလည်း မထည့်ဘူး၊ အမာလွင်ကို သူမဖြတ်နိုင်ဘူး၊ ဒါပေမဲ့ ကြင်ကြင်နာနာလည်း မရှိ တော့ဘူး”

“ဟို...ဟိုကိစ္စက တကယ်လား”

ဒါမမေးသင့်သည့်မေးခွန်းပေမယ့် ဇာတ်လမ်း၏ အဓိကသော့ချက်နေရာမို့ မျက်နှာပူပူနဲ့ ပဲ မေးလိုက်ရသည် ။

ဒွေးညိုက မျက်မှောင်ကုတ်၍ တွေးတွေးဆဆ လုပ်နေပြီးမှ

“အဲဒါတော့ ကာယကံရှင်သိမှာ ပဲ ဒကာ... အမာလွင်ကတော့ အဲဒီသူငယ်နဲ့ သူခိုးရာလိုက်ဖူး တာကို ဝန်ခံတယ်။ ဆယ်ရက်လောက်ပဲကြာတယ်တဲ့ ။ လူကောင်းမဟုတ်မှန်းသိလို့ မိဘအိမ်ကို သူကိုယ်တိုင်ပြန်ပြေးခဲ့တယ်တဲ့ ။ အဲဒါက လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကတဲ့ ။ ဒါကို အခိုင်အမာပြောတယ်။ မောင်လေးကို သူမေတ္တာစစ်နဲ့ လက်ထပ်ခဲ့တာ ဒီကိုယ်ဝန်ဟာ မောင်လေးကိုယ်ဝန်ပဲဆိုတာ အထပ် ထပ် ပြောတယ်”

“ဒွေးညိုစိတ်ထဲမှာ ကျတော့ ဘယ်လိုခံစားမိလဲဟင်”

“အင်း ... ပြောရရင်တော့ အမာလွင်ညာတာမဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ ဘာဖြစ်လို့ လဲဆို တော့ သူ့ရုပ်ရည်နဲ့ သူ့အမူအရာက ဒီလိုမိန်းကလေးမျိုးမဖြစ်နိုင်ဘူးလို့ ယူဆမိတယ်လေ၊ မောင် လေးကတော့ ဘယ်သူဘာပြောလို့ မှ မရတော့ဘူး။ မွေးလာတဲ့ ကလေးကျတော့လည်း မောင်လေးနဲ့ တူတာ လုံးဝမရှိဘဲ ဖြူဖြူဥဥ မြင့်မြင့်သွယ်သွယ်လေးဆိုတော့ ...”

“ဦးမင်းညိုက အသားမည်းလို့ လား”

“မည်းတယ် ဒါပေမဲ့ လူက လူချောပါ၊ အရပ်လည်း နည်းနည်းပုတယ်၊ တန့်ကြည့်ရွာမှာ ရွာခံ လူတွေဆို လူမည်းကများ တယ်၊ လူမည်းတစ်ရွာမှာ မှ လူဖြူဆယ်ယောက်ပြည့်အောင် မရှိဘူး၊ ရေ ကြောင့်လား လေကြောင့်လား ဘယ်လိုပြောရမလဲ တချို့ကပြောကြတာတော့ ရေညှာမှာ ရေနံချက် စက်ရုံရှိလို့ အသားမည်းကြတာတဲ့ ”

နေတံခါးက ပြုံးလိုက်ပြီး ခေါင်းညိတ်မိ၏။

“အမာလွင်လည်း သူစွပ်စွဲနိုပ်စက်လွန်းလို့ နဂိုကတည်းက နှလုံးရောဂါခံရှိတော့ ပုံပုံကိုမွေး ပြီး တစ်နှစ်ကျော်ကျော်လေးမှာ ဆုံးသွားပါရော၊ ကလေးကိုလည်း သူအတ္တကြီးနဲ့ နှိပ်စက်လွန်းလို့ ဟိုကခေါ်မွေး ဒီကခေါ်ကျွေးပေါ့ကွယ်၊ ဒွေးညိုက ဒီလိုရှုပ်ထွေးမှုတွေကို မမြင်ချင် မကြားချင်လို့ အစ က လုံးဝကိုပြန်မကြည့်ခဲ့တာ၊ ဒါပေမဲ့ ကလေးက မိန်းကလေးဖြစ်နေတော့ နေလို့ မရတော့ဘူး။ တောင်ပေါ်ကိုခေါ်ထားရတယ်၊ ငယ်ငယ်လေးကတည်းက ဘုရားစာသင်ပေး သင်ပုန်းကြီးသင်ပေးနဲ့ ဒီတောင်ပေါ်မှာ ပဲ မွေးရတာပေါ့...”

“ဟုတ်ကဲ့”

“လေးတန်းအောင်သွားတော့ ငါးတန်းကျောင်းက ဆရာတော်မှာသွားတက်ရတယ်။ မိုးမ လင်းခင်ထသွားမှ ဟိုမှာ ကျောင်းမီတာ။ အဲဒီအချိန်တွေမှာ ပုံပုံ ဖအေနဲ့ ပြန်နေတယ်၊ ခဏလေးနေ ခဏလေးငိုရတာပဲ။ ဒွေးညိုတောင်မှ ကိုယ့်မောင် ဒီလောက်အငြိုးအတ္တကြီးမှန်း လုံးဝမသိခဲ့ဘူး။ ဒီ ကလေးဟာ အစစ်အမှန်ဖြစ်လျက်နဲ့ ဘယ်လောက်ထိ ကံဆိုးရှာသလဲ...”

“သူကျေနပ်အောင် သွေးစစ်ပြလိုက်ဖို့ ကောင်းတာပေါ့”

“စစ်တာပေါ့ စစ်တော့ ဟိုကောင်လေးက သူနဲ့ ဘီသွေးချင်း တူနေတယ်လေ”

“ဟောဗျာ...”

“ပြဿနာက အဲဒါပဲ။ ခုချိန်ထိ ဘာအလုပ်မှ လည်း မယ်မယ်ရရမလုပ်တော့ဘဲ အလုပ်ကြမ်း တွေ ကြုံသလို ကျသလိုလျှောက်လုပ်ပြီး သူဝမ်း

သူတော့ တင်းတိမ်နေတာပဲ”

“ဟုတ်တယ် ဒကာရေ အရက်သောက်လွန်းလို့ လူလည်း ယဲ့ယဲ့ပဲရှိတော့တယ်။ အလုပ်ကြမ်း လည်း သူ့ကို ဘယ်သူကမှ မခိုင်းချင်ကြတော့ဘူး၊ ဒါပဲဇွတ်လုပ်ဇွတ်တောင်းပြန်လာတော့ လဲတာပဲ တဲ့ ။ သူ့အကြောင်းများ မကြားချင်လည်း ကြားနေရတာပဲ”

“ဟုတ်တယ်ကွယ့် အခု သူဖျားနေတယ်လေ။ ဘာတွေနဲ့ စားပြီး ဘယ်လိုဖြစ်နေပြီလဲမသိပါ ဘူး။ သေသွားလည်း ဝဋ်ကျွတ်တာပေါ့။ ဒွေးညိုကတော့ ဒီလိုပဲ သဘောထားတော့တယ်”

ဒို့ပြင် သီလရှင်ကပါ ဝင်ပြောကြ၏။

နေတံခါး ကြားရသည် များကို စိတ်မကောင်းဖြစ်ကာ ဦးမင်းညိုဆိုသည့်လူကြီးကို သွားတွေ့

ချင်စိတ်တွေ ပေါက်နေမိသည် ။

“ဒါဆို ဒီနေ့ ပုံပုံပြန်ဆင်းရင် ကျွန်တော် ဦးမင်းညိုနဲ့ သွားတွေ့ချင်ပါတယ်၊ ဘာအကြောင်းမှ တော့ မရှိပါဘူး။ ဒါပေမဲ့ စကားလည်း ပြောကြည့်ချင်တယ်၊ သူလိုအပ်မယ်ထင်တာလေးတွေလည်း ကူညီချင်လို့ ပါ”

သေချင်သပေစေဆိုပေမယ့် မောင်ဖြစ်သူဆီကို ကူညီမယ့်သူက သွားမည်ဆိုတော့ ဒွေးညို မျက်နှာ ကြည်လင်သွားရှာသည် ။

“လိုက်သွားလို့ ရပါတယ်၊ အပြင်လူကိုတော့ သူမရိုင်းပါဘူး၊ တစ်ခုတော့ရှိတယ်၊ ပုံပုံအ ကြောင်းတော့ သွားမစလိုက်ပါနဲ့ ဒကာလေးကို မဖွယ်မရာ ပြောလိုက်မှာ စိုးလို့ ပါ”

“ဟုတ်ကဲ့ ကျွန်တော် မှတ်ထားပါ့မယ်”

နေတံခါးကို နိုင်ငံကျော်စာရေးဆရာမှန်းလည်း သိထားကြပြီးမို့ အားလုံးက လေးစားခင်မင် နေကြ၏။ ပုံပုံပြန်ဆင်းမယ်ဆိုတော့ ဒွေးညို ကိုယ်တိုင် နေတံခါးကိုခေါ်သွားဖို့ သေချာပြောလိုက် သေးသည် ။

“ကားလမ်းဘက်သွားမလားကိုကြီး”

“ဘာလုပ်ဖို့ လဲ”

“ကိုကြီး အဝေးကြီးဆင်းရမှာ ညောင်းမှာ စိုးလို့ ...”

“မင်းတောင်ဆင်းသေးတာ တို့ က ဘာလို့ မဆင်းနိုင်ရမှာ လဲ”

ပုံပုံက ရှေ့ကနေ လှေခါးလေးငါးထစ်လောက် ကြိုဆင်းနေလိုက် နေတံခါးကိုစောင့်ရင်း မျက် နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး ငေးနေလိုက်

လေးညှင်းရောင် ချည်ပြောင်ပုဆိုးကွက်စိပ် နံသာရောင် ရှပ်လက်ရှည်ကို တံတောင်ဆစ်နား ထိ ခေါက်ထားကာ လှိုင်းတွန့်ရေးရေးထင်သော ဆံပင်အလယ်ခွဲက သေသေသပ်သပ်နှင့် တင့်တယ် နေသော နေတံခါးပုံစံကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ကြည့်လို့ မဝဖြစ်ရရင်းနှင့် သူမ လေးမှာ သဘော ကျလို့ မဆုံး ...

နာရီဝတ်ထားသည့်လက်မှာ ပဲ ဖောင်းကြွအိစက်နေသည့် လက်စွပ် နှစ်ကွင်း ပြီးတော့ တောင် ပေါ်မှာ ကိုကြီးက လေးသိန်းလျှူထားတာတဲ့ ....

ရှင်းသန့်ကြည်စင်နေသည့် နေတံခါးကို အထင်ကြီးလေးစားခြင်းများ နှင့်ပါ တမော့မော့ တ ငေးငေးဖြစ်နေမိ၏ ။

ကိုကြီးက အရမ်းချမ်းသာမှာ ပဲဟု လည်း အထပ်ထပ်တွေးမိ၏။

လေးသိန်းဆိုတာ ရွာမှာ ဆို ဝိုင်းတစ်ဝိုင်းနဲ့ အိမ်တစ်ဆောင် အသာ လေးဆောက်လို့ ရသည် ။

ပုံပုံတို့ အစကပိုင်ဆိုင်ခဲ့သော အိမ်နဲ့ ဝိုင်းကို အဖေကရောင်းစားပစ်ပြီးပြီမို့ ခုကျတော့ အကြီး မြတို့ နောက်ဖေးဖက်က ခြံဘေးမှာ တဲလေးထိုးနေကြရသည် ။

ဒါတောင်မှ အကြီးမြတို့ မှာ မွေးထားသည့်ဝက်တွေကို အစာကျွေးပေးရ ဘဲကျောင်းပေးရ.. ရွာထဲမှာ ဝက်စာရေလိုက်စုပေးရတာက ရှိသေးသည် ။

ပုံပုံငယ်သေးပေမယ့် သူများ အိမ်မှာ ခိုကပ်မနေချင်သည့် ဆန္ဒလေးက ရင်ထဲမှာ ကိန်းအောင်း နေသည် သာ...

“ဟိတ် ထလေ ဘာလဲ မောနေပြီလား”

ပုံပုံရှေ့ကနေ ကြိုဆင်းနှင့်ပြီး ရေအိုးစင်ရှိသည့် ကွပ်ပျစ်ကြီးပေါ်မှာ ခြေတွဲလွဲချထိုင်ရင်း အ တွေးလွန်နေမိသည် ။

နေတံခါးက ပုံပုံဘေးမှာ ကွပ်ပျစ်ကို လက်တစ်ဖက်ထောက်ရပ်၍

“ခုချိန်ဆို မင်းအဖေမမူးလောက်သေးဘူးထင်တယ်နော်”

“အဖေက အချိန်တိုင်းမူးနေတာ ကိုကြီးရဲ့ ဟိုရောက်ရင်လေ အမေ့အကြောင်း အဖေ့ကို သွား မမေးနဲ့ နော်....”

“မမေးပါဘူး ဒါပေမဲ့ မင်းနဲ့ ပတ်သက်တာလေးတော့ နည်းနည်းပါးပါးပြောမှ ဖြစ်မယ်”

“ပုံပုံနဲ့ ပတ်သက်တာ”

ပုံပုံက သူ့ရင်ဘတ်လေးသူပုတ်ပြ၍ တအံ့တသြမေးသည် ။

“ဟုတ်တယ်လေ ကိုယ့်ရင်သွေးကို ဒီလိုပစ်ထားတာ နှိပ်စက်တာ ဘယ်ကောင်းမလဲ”

“အမလေး သွားမပြောပါနဲ့ ကိုကြီးရယ် ကိုကြီးပြန်သွားရင် ပုံပုံ့ကို သေအောင်သတ်မှာ သွား မပြောပါနဲ့ နော် ရှိကြီးခိုးပါရဲ့ ”

ပုံပုံတကယ်ပဲ တုန်တုန်ရီရီလေးဖြစ်သွားသဖြင့် နေတံခါး ပင့်သက်ရှိုက်မိလေသည် ။

“ကဲ...ကဲ ထ ဘာမှ မပြောတော့ပါဘူး မင်းအဖေကို မုန့်နဲ့ ပိုက်ဆံနည်းနည်းထောက်ပံ့ချင်လို့ ပါ သွားရအောင်”

ပုံပုံက ကွပ်ပျစ်ပေါ်ကနေ ဖျတ်ခနဲခုန်ဆင်းလိုက်ကာ

“ကိုကြီးက ပိုက်ဆံတွေအရမ်းပေါတာပဲနော်”

“ပေါတာတော့ ဘယ်ဟုတ်မလဲ လှူဖို့ တန်းဖို့ ကျတော့ ထုတ်ရတာပေါ့”

“လှူတယ် ဟုတ်လား၊ ရွာထဲကလူတွေဆို အဖေ့ကို အရမ်းပြောတာ အရက်သမားကို ကျွေး မွေးမဲ့အစား ခွေးချကျွေးပစ်မယ်တဲ့ ဒီကောင်မျိုးကို ဘာမှ မကျွေးနဲ့ တဲ့ အရက်သမားကိုကျွေးတာ ကုသိုလ်မရဘူးပေါ့နော်”

“ရတာပေါ့ လှူတတ်ရင် မြတ်တယ်တဲ့ ဒွေးညိုတို့ က သင်မပေးဘူးလား”

“တောင်ပေါ်မှာ ကျတော့ ကြားရတာတစ်မျိုး ရွာထဲဆင်းလာရင် တစ်မျိုးဖြစ်ကုန်ရော ပုံပုံ နားမလည်တော့ဘူး”

စရိုက်ကြမ်းဘဝကြမ်းမှာ ရှင်သန်ခဲ့ရတဲ့ ကောင်မလေး။

ပုံပုံခေါင်းလေးကို ခပ်ဖွဖွပုတ်ပစ်၍ လက်ကလေးကို သူ ဆွဲကိုင်လိုက်၏။

“ဘာမဆို အကောင်းဘက်ကမြင်တတ်အောင် ကြိုးစားကွ အဲဒါမမှားဘူး”

ပုံပုံက ပြုံး၍ ခေါင်းလေးညိတ်သည် ။

ခပ်ပြေပြေပေမယ့် အတော်မြင့်သည် မို့ သူတို့ ရပ်နေသည့်နေရာမှ တောင်ပေါ်တက်လာသည့်

ကားနှင့်ကားလမ်းကို တစ်ပိုင်းတစ်စ လှမ်းမြင်နေရသည် ။

စောင်းတန်းလေးတစ်လျှောက်မှာ လည်း နားစရာကွပ်ပျစ်နှင့် ရေအိုးစင်များ ဖြင့် တောင်ပေါ် လေတဟူးဟူးက စိတ်အေးချမ်းစရာ ဖြစ်၏။

ထို့ပြင် ရေတင်သည့်စက်သံများ နှင့် ထိုအဆောက်အဦများ ထဲတွင် ဦးပဉ္စင်း နှင့် ကိုရင်ငယ် များကိုသာ တွေ့ရသည် ။

“ကိုကြီး”

“ဟင်...”

“ကိုကြီး နာမည်ကဘယ်သူလဲဟင်”

“နေတံခါး”

“နေတံခါး နေက ဟိုမှာ ”

ပုံပုံ မိုးကောင်းကင်ကို မျက်လုံးလေးတွေ မှေးစင်း၍ မော့ကြည့်လိုက်ကာ

“တံခါးဆိုတော့ နေရဲ့ ရှေ့မှာ ပေါ့နော် နေကိုမြင်ဖို့ တံခါးဖွင့်ရမယ်

လို့ ပြောတာပေါ့ နာမည်က လှတာပေါ့နော် ကိုကြီး”

သူဖာသာဘာသာပြန်၍ ပုံပုံ သဘောကျသွားပြန်သည် ။

“ကိုကြီးက ချောတော့ နာမည်နဲ့ လိုက်တယ်”

“ဟုတ်လို့ လား”

“တကယ် ကိုကြီး ဒီမှာ ကြော်ငြာလာရိုက်တဲ့ မင်းသား ဘယ်သူလဲ ဒွေး၊ ဒွေးဆိုတာ ရုပ်ရှင် မင်းသားဆိုပြီး ကိုကြီးလောက် မချောဘူး”

“ကဲပါကွာ …. အောက်ရောက်တော့ မုန့်ဝယ်ကျွေးပါ့မယ် တော်ပါတော့…”

ပုံပုံက ခစ်ခစ်ရယ်သည် ၊ ရယ်လိုက်တော့ အောက်နှုတ်ခမ်း၏ ယာဘ က ်ထေ ာင ့်မေ းန ားမ ှာ အ ချိုင့်ကလေးတစ်ခုထင်ကာ ချစ်စဖွယ်ကောင်းသွား၏။

တော်တော်အရယ်သန်သည့် ကောင်မလေး။

တောင်ခြေရောက်လို့ လှေခါးထစ်တွေဆုံးတော့ တောက်လျှောက်ကိုင်ထားသည့် နေတံခါး ဖိနပ်ကို ပုံပုံက ငုတ်တုတ်လေးထိုင်ချပြီး သေချာစီချပေး၏။

“ကိုကြီးစီး….”

ပြီးမှ နောက်မြီးပါးနေပြီဖြစ်သည့် သူ့ဂျပန်ဖိနပ် ညစ်ပတ်ပတ်လေးကို စွပ်စီးကာ

“လာဦး ဒီဘက်ကသွားရအောင် ပုံပုံတို့ နေတဲ့ အိမ်က ဒီဘက်မှာ ”

“သွားလေ အဲ နေဦး မင်းအဖေအတွက် စားစရာတစ်ခုခု ဝယ်ရအောင်”

“မဝယ်နဲ့ ကိုကြီး အဖေက အရက်ဖိုးရရင် ပြီးသွားတာပဲ မုန့်ကိုမမက်ဘူး”

“သြော်....သြော်”

ပုံပုံက သူမအတွက် ညစာယူလာသည့် ထမင်းချိုင့်လေးကိုဆွဲလျက် ရှေ့ကသွားကာ နေတံခါး နောက်က လိုက်ခဲ့သည် ။

ရှေ့ကို ဝါးနှစ်ရိုက်ခန့်မျှသာ သွားရပါသေးသည် ။

“ဟယ် ပုံပုံ အတော်ပဲ နင့်အဖေ မူးမူးနဲ့ မြစ်ဆိပ်မှာ ရေတွေဆင်းစိမ်ပြီး အခု လဲကျသွားတာ ခေါ်လို့ ကိုမရတော့ဘူး”

ပုံပုံထက် အသက်အနည်းငယ်ပိုကြီးမည်ထင်ရသော မိန်းကလေးတစ်ယောက် မောကြီးပန်း ကြီးလာပြောလိုက်ရာ ပုံပုံမျက်လုံးဝိုင်းစက်သွားလေသည် ။

“အဖေ ... အဖေ ဘာဖြစ်သွားလဲဟင် အခု ဘယ်မှာ လဲ”

“ကမ်းနားကနေ ဘချစ်တို့ ဝိုင်းသယ်လာကြတယ် အခုအိမ်ပြန်ရောက်သွားပြီ ဘချစ်တို့ ပြော တော့ သေပြီထင်တယ်တဲ့ ”

“အဖေရေ...”

ပုံပုံ ထမင်းချိုင့်လေးကို မြှောက်ခါ၍ တအားပြေးထွက်သွားလေသည် ။

နေတံခါး ဘာမှ မဆိုင်သော်လည်း ပုံပုံအတွက် စာနာမိကာ ရင်ထဲမှာ စို့သွားခဲ့၏။

အားမကိုးရဘူး ဆိုသော်လည်း အဖေဆိုသော အားကိုးအားထားရာ အရိပ်ကြီးတစ်ခု ပြိုကျ သွားပြန်ပြီကော....

ဖြစ်ရလေ ပုံပုံရယ်....

*

အခန်း(၂)

“ဘာတဲ့ လဲ ဖုန်းနံပါတ်ကော မရဘူးလား”

“ရမလာပါဘူး မမကြီးရယ် ကောင်လေးဘယ်သွားတယ်ဆိုတာ သူ တကယ်မသိဘူး သူ့ကို ပြောမသွားတာ တကယ်ပါတဲ့ ”

“အဲဒါကို ကျုပ်မယုံဘူး ဒီကောင်သက်သက်ညာတာ ကောင်လေးနဲ့ အရင်းနှီးဆုံး ပေါင်းသင်း တာ သူပဲရှိတာ သူမသိဘူးဆိုတာ ဖြစ်ကိုမဖြစ် နိုင်ဘူး”

“အေးလေ ညည်းက ပညာသားနဲ့ မမေးဘဲ ဘယ်လိုသွားမေးမှန်းမှ မသိတာ”

“အမလေး ဘယ်လိုပညာတွေသုံးရဦးမှာ လဲ သူ့အစ်ကိုလူပျိုကြီးဆို တဲ့ ပုဂ္ဂိုလ်မြတ်က မျက် လုံးကြီးတဝင်းဝင်းနဲ့ ထိုင်ရတာတောင် သနလ္ဘ တယ် ဟွန်း ရုပ်ကြီးကိုက...”

ထမင်းစားပွဲမှာ စုထိုင်မိကြပြီး ဟင်းတွေချထားတာလည်း စုံနေပြီ။

စားဖို့ ဘယ်သူမှ မစဉ်းစားဘဲ သုံးပွင့်ဆိုင်ထိုင်ပြီးကြတော့ ပြိုင်တူကြည့်မိကြသည် က တစ် ယောက်စာလွတ်နေသည့် ထိုင်ခုံကို ....

“သူထုတ်ဝေသူကိုလည်း ပုဂံကိုသွားမယ်လို့ ပြောသွားတယ်တဲ့ အဲဒီ ဟိုတယ်တွေကို ဒီက ဆက်ကြည့်တော့ နေတံခါးဆိုတာ မရှိဘူးတဲ့ ”

“အဲဒီဆက်ပေးတဲ့ လူကကော သေချာရဲ့ လား ပြီးပြီးရော ပြောတာ

လားမှ မသိတာ ကောင် လေးက ညာတတ်တဲ့ သူ မဟုတ်ဘူး ပုဂံဆို ပုဂံမှာ ရှိကိုရှိရမယ်”

“ဒါဆိုလည်း မမကြီးပဲလိုက်သွားပေတော့ တကတည်း နေရာတကာ လျှောက်ပြီး စုံစမ်းရတဲ့ လူကို အမောဆို့အောင် သိပ်ပြောတယ်”

“အံမယ်....အံမယ် သူတို့ အလှည့်ကျတော့ မောတတ်လိုက်ကြတာ ကျုပ်ကကော အလကား နေလို့ လား”

“ကဲ တော်ပါတော့ မမကြီးတို့ ကလည်း နေ့တိုင်း ဒီကိစ္စနဲ့ ချည်းစကားများ နေကြတယ် ကောင်လေးက အသက်ပဲ နှစ်ဆယ့်ခုနှစ်ထဲ ရောက်နေပြီ မိန်းမပေးစားတာကိုမလိုချင်လို့ ခရီးထွက် သွားတာလည်း သိသားနဲ့ သိပ်လည်း ပူမနေကြပါနဲ့ ....”

“ပူရပါသော်ကောအေ... အညာဒေသဆိုတာ နေကပူ လေကကြမ်း မြစ်ရေ ချောင်းရေတွေက ချိုးကြ ထောင်ကြ ငါ့ကောင်လေး အသားတွေ မည်းမယ် ရောဂါရမယ်”

“ဒါဆို မမကြီးနဲ့ တိုးနဲ့ လိုက်သွားမယ်လေ”

“ကျုပ်လည်း အဲဒါပဲစဉ်းစားနေတာ”

ဒေါ်မျိုးမျိုးမြတ် ထမင်းထည့်ပေးနေသည့် ဒေါ်စိုးစိုးလတ်ကို မျက်မှောင်တွန့်ကြည့်ကာ

“စိုး...ညည်း သစ္စာလဲ့ဆီ ဝင်ခဲ့သေးလား”

“ရောက်ခဲ့ပါတယ် သစ္စာက မာနကြီးပါတယ် မမကြီးရယ် ကောင်လေးကို သူက ကြိတ် ကြိုက်နေတာ အပြင်ဘက်ကတော့ ဂရုမစိုက်သလိုပဲ....”

“စိုက်မလား စိုးရယ် ... ဟိုသင်္ဘောသားက သူနားမှာ နွားပြာကြီး အောက်သွားမရှိ တဖြဖြ လုပ်နေတာကိုး ပေးလိုက်တဲ့ လက်ဆောင်တွေ ဆိုတာ ကောင်လေးလို ခပ်တည်တည်နေတာမှ မဟုတ် တာ သစ္စာလဲ့က မနောခွေ့နေမှာ ပေါ့ ဒေါ်ဒေါ်ပြုံးတို့ ကလည်း ငွေသိပ်မက်တာ သစ္စာလဲ့ကို ကောင်လေး မလိုချင်တာလည်း မပြောနဲ့ ”

ဒေါ်တိုးတိုးဆက်က ဝင်ပြော၍ ကြက်သားဟင်းကို ဒေါ်မျိုးမျိုးမြတ်ပန်းကန်ထဲ ဦးချလိုက် ၏။

ဒီအိမ်မှာ ဒေါ်မျိုးမျိုးမြတ်က အကြီးဆုံး ဒေါ်စိုးစိုးလတ်က အလတ် ဒေါ်တိုးတိုးဆက်က အငယ်ဆုံး။

ဒေါ်မျိုးမျိုးမြတ်က အငယ်ဆုံးထက် ဆယ်နှစ်တိတိအသက်ကြီးကာ စိုးစိုးလတ်ထက်ကျ တော့ ခြောက်နှစ်ကွာသည် ။

ထို့ကြောင့် ညီမနှစ်ယောက်က ဒီအစ်မကြီးကို အစ်မလိုလည်း ချစ်ကြသည် အမေလိုလည်း အားကိုးကြသည် ။

မိဘဘိုးဘွားစဉ်ဆက် ချမ်းသာလာခဲ့သမျှ အမွေဆက်ခံမည့်မျိုးဆက်ဆို၍ နေတံခါးတစ် ယောက်ပဲရှိသည် ။

နေတံခါးက ဒေါ်တိုးတိုးဆက်ရဲ့ သား ကံဆိုးခဲ့သည့်သူမမှာ လက်ထပ်ပြီး တစ်လပြည့်သည့် နေ့တွင် ခင်ပွန်းဖြစ်သူက ကားအက်ဆီးဒင့်ဖြစ်၍ ဆုံးသွားခဲ့သဖြင့် ကိုယ်ဝန်ကျန်ခဲ့တော့ နေတံခါးကို မွေးခဲ့သည် ။

တစ်ဘက်ကလည်း တစ်ဦးတည်းသောသားမို့ သားဆုံးသွားတော့ မြေးလေးကိုသာ အမွေ အားလုံးပုံပေးဖို့ ရှိသည် ။

“အို...အမွေဘာလုပ်ဖို့ လဲ ကျုပ်တို့ မှာ ရွှေငွေရတနာသိမ်းလို့ မနိုင်လွန်းလို့ တောင်မှ သုံးမျက် နှာဆိုင်ခန်းကြီးနဲ့ ဖွင့်ရောင်းနေသေးတယ်

သူတို့ မြေးဆိုပြီး ကျုပ်ကလေးကိုလိုချင်လို့ ဉာဏ်များကြ တာ...”

ကလေးလုကြတော့ ဒေါ်မျိုးမျိုးကပဲ ဆတ်ဆတ်ခါခဲ့သည် ။

ဟိုဘက်ကလည်း တစ်ဦးတည်းသောသား၏ ရင်သွေးလေးမို့ သား ကိုအလွမ်းပြေ တစ်လှည့် ဆီဖြစ်ဖြစ် ထိန်းပါရစေဟု ခခယယ တောင်း ပန်သည် ။

“မလိုပါဘူး မပေးနိုင်ပါဘူး ခဏဆို တစ်ရက်ကလေးတောင် မပေး နိုင်ဘူး လိုချင်လာတွေ့”

ထိုပဋိပက္ခက အတော်ကြီးကျယ်ခဲ့သေးသည် ။

နေတံခါး အတော်လေးအရွယ်ရောက်မှ ညအိပ်ညနေလိုက်သွားခွင့် ရကာ တစ်ရက်ကနှစ်ရက် ဖြစ်သွားလျှင် ဒေါ်မျိုးမျိုးက ချက်ချင်းထလို က်၏။

ခုတော့ သူတို့ မြေးကို ချစ်တာပဲလေဟု သဘောပေါက်ကာ ဟိုဘက် ကဘိုးဘွားများကလည်း

ကျေနပ်သွားခဲ့ကြပါပြီ။

နေတံခါး အိမ်ထောင်ပြုသည် နှင့် အမွေအားလုံးလွှဲပေးဖို့ ပြောနေကြသည် ။

ဒေါ်မျိုးမျိုးက တူလေးကို ဘယ်လောက်ချစ်သလဲဆိုလျှင်

“မိတိုးတိုး....ညည်းကမွေးထားရတာဆိုပြီး အမှတ်မယူနဲ့ နော် အား လုံးက အဒေါ်သုံး ယောက် အမေဘယ်သူမှ မလုပ်ရဘူး”

“ဟုတ်တယ် အမေဆို ကလေးက အမေကိုပိုချစ်သွားမှာ ”

ဒေါ်စိုးစိုးကလည်း ထောက်ခံနေသည် ။

ငယ်စဉ်ကတည်းက နေတံခါးသိခဲ့သည် မှာ မေမေက ဟိုနိုင်ငံခြားမှာ အလုပ်လုပ်နေသည် ဟူ ၍ ဖြစ်၏။

ကြီးမေကြီး ကြီးလတ် ကြီးငယ် ထိုသို့ခေါ်တတ်ခဲ့ကာ နာမည်တွေကို တောင် ဃဂဏနမသိတဲ့ အဖြစ်....

သိတတ်သည့်အရွယ်ကျမှ မေမေ ဒေါ်တိုးတိုးဆက်ဆိုတာ ကြီးငယ်ပါလားဟု သိလာသည် ။ သို့သော် ထိုအချိန်မှာ အမေရယ်လို့ ထူးခြားခင်တွယ်တာမျိုးဖြစ်မလာတော့ဘဲ သုံးယောက်လုံးကို အဒေါ်ဟု သာ အလွယ်မှတ်ပစ်ခဲ့သည် ။

ပတ်ဝန်းကျင်ကလည်း သုံးယောက်လုံးကို သိမ်းကျုံး၍ အပျိုကြီးသုံး ယောက်ဟု ခေါ်မြဲ နေရာ တကာ နေတံခါးကိုစိတ်မချရတာ ယုယကြ တာ သူများ မျက်စိနောက်ကြသည် အထိ ....

ခုလည်း ဘာမဟုတ်တာလေးနှင့် ယောက်ယက်ခတ်နေကြသည် ။

“နေပါဦး မမကြီးရဲ့ ကောင်လေးကိုတွေ့တော့ သစ္စာလဲ့နဲ့ အတင်း ပေးစားတော့မလို့ လား”

“အမလေး ဟန်ကြီးတစ်ခွဲသားနဲ့ ဆိုလို့ ကတော့ ကျုပ်သားနဲ့ မပေး စားသေးဘူး သူတို့ က ဘာ မို့လို့ လဲ”

“ဒါဆိုလည်း သူစာရေးဖို့ ခရီးထွက်တဲ့ ဥစ္စာ ထွက်ပါစေလားမမကြီး ရယ် ပြန်လာမှာ ပေါ့”

“အို ...ကျုပ်မစောင့်နိုင်ဘူး ကျုပ်သားကို ဒီလောက်ကြာကြာဘယ် တုန်းကမှ ခွဲဖူးတာမဟုတ် ဘူး နောက်ထပ် သုံးရက် စောင့်ကြည့်မယ် မ လာရင် လိုက်မှာ ပဲ”

“ဘယ်ကိုလိုက်မှာ လဲ”

ဒေါ်မျိုးမျိုး ခဏမျှ တွေသွားပြီးမှ

“ပုဂံကိုပေါ့ အဲဒီကိုသွားမယ်လို့ ပြောသွားတာပဲ ရှိကိုရှိမယ်ဆိုတော့ ကျုပ်ယုံတယ်”

ဒေါ်တိုးတိုး ခပ်ပြုံးပြုံးနှင့် သက်ပြင်းတစ်ချက် ချမိကာ

“ကဲပါ …. ထမင်းစားလိုက်ပါဦး နောက်တော့တိုင်ပင်ကြတာပေါ့…. ”

ဒေါ်မျိုးမျိုး မျက်မှောင်ကုတ်မပြေဘဲ ထမင်းစားလေသည် ။

***

“ကျွန်တော့်ဘက်ကတော့ ပြောစရာကုန်ပါပြီ ပို၍ ယုံကြည်ချင်တယ် ဆိုရင်တော့ ဒွေးညိုကိုယ် တိုင် ရန်ကုန်လိုက်ခဲ့ပါ ကျွန်တော့်နေရာကို သေချာသိပြီးမှ ပြန်ဖို့ အတွက် ကျွန်တော်အားလုံးစီစဉ်ပေး လိုက်ပါ့မယ် ”

ဒွေးညိုက လက်ကာပြလိုက်ပြီး ပုံပုံကို ငဲ့ကြည့်၏။

ဒီနေရာမှာ ဒွေးညိုဆုံးဖြတ်ရမှာ မို့ ဒီပြင်ဆရာလေးတွေလည်း ဘာတစ်ခွန်းမှ ဝင်မပြောဘဲ တိတ်ဆိတ်စွာ အကဲခတ်နေကြ၏။

“ဒကာလေးကို ဒီလောက်ထိ သံသယဖြစ်ဖို့ မရှိပါဘူးကွယ် လူပုံစံမြင်တာနဲ့ အကဲခတ်လို့ ရပါ တယ် ဒွေးညိုစဉ်းစားနေတာ ဆိုတာက ဒကာလေးက စေတနာထက်သန်ပေမယ့် နောက်ကြောင်းမှာ ရှိတဲ့ အဒေါ်သုံးယောက်ဆိုတာက ဒကာလေးလိုသဘောရှိပါ့မလား ဒီကနေခေါ်သွားပြီးမှ ဟိုကလူ တွေက လက်မခံကြရင် ဒကာလေးပဲ စိတ်ညစ်ရမှာ ”

ဒွေးညိုပြောတာက နည်းလမ်းကျသည် မို့ အားလုံးက ခေါင်းညိတ်

လိုက်ကြ၏။

“အဲဒါကို မပူပါနဲ့ ဒွေးညိုု အိမ်မှာ အားလုံးက ကျွန်တော့်ကို အလိုလိုက်ကြပါတယ် ကျွန် တော်ဖြစ်ချင်တာကိုသာ စွမ်းဆောင်ပေးခဲ့ကြတာ ဖျက်ဆီးတယ်ဆိုတာ မရှိပါဘူး ပြီးတော့ အခုဟာ က ပညာဒါန ဇီဝိတဒါန ပါ လူတစ်ယောက်ရဲ့ ဘဝကိုကယ်ပြီး ပညာသင်ပေးချင်တာ မွန်မြတ်တဲ့အ လုပ်ဆိုတာ သူတို့ သိမှာ ပါ”

ပုံပုံကတော့ ငယ်သူပီပီ ဒွေးညိုုခေါင်းညိတ်လိုက်ပါစေဟု သာ ဆုတောင်းကာ ခေါင်းညိတ် လိုက်တာမြင်သည် နှင့် ဝမ်းသာလွန်းသော ရင်ခုန်ခြင်းက ဒိန်းခနဲတက်ဆောင့်လျက် ရက်လည်ပြီးစ အဖေကိုလည်း မေ့သွားသည် ။

ရန်ကုန်ဆိုတာ အိပ်မက်ထဲမှာ ပင် မက်ခဲ့ဘူးသည့် နေရာ ....

တစ်သက်နှင့်တစ်ကိုယ် ရုပ်ရှင်ဆိုတာ မကြည့်ဘူးခဲ့ဘဲ ဗီဒီယိုသေးသေးလေးထဲမှာ မြင်ရတာ တောင် ရန်ကုန်ဆိုတာ ကားတွေတန်းစီသွားနေလိုက်ကြတာ ပုရွက်ဆိတ်ကလေးတွေလား အောက် မေ့ရသည် ။

ဇက်ကျိုးလောက်အောင် မော့ကြည့်ရသည့် တိုက်ကြီးတွေက ကပ်ကျပ်လို့ ။

သွားကြမည့်မနက်မှာ တောင်ပေါ်မှာ သီတင်းသုံးနေကြသည့် ဆရာတော်ကြီးများကိုလည်း ဝင်ကန်တော့ခဲ့သည် ။

ဒွေးညိုုတို့ ကိုလည်း ကန်တော့နှုတ်ဆက်ပြီး သူငယ်ချင်းတွေ သဘော်ဆိပ်ကိုလိုက်ပို့ကြတာ တောင် လွမ်းရမှန်းမသိခဲ့သည့်အဖြစ်။

သဘော်အစုန်လေးက မနက်ရှစ်နာရီလောက်မှာ လာကပ်သည် ။ သဘော်လေးကမ်းခွာတော့ တန့်ကြည့်တောင်ကြီးကို မော့ကြည့်ငေးရင်း

ဒွေးညိုတို့ ကို သတိရစိတ်လေး ဟုတ်ခနဲ ဖြစ်၏။

မျက်ရည်တွေ ချက်ချင်းဝဲတက်လာသည် ။

“ပုံပုံ”

“ရှန့်”

“လာဦး...”

နေတံခါးက အပေါ်ထပ်လှေခါးအကွေ့နားမှာ သူ့သားရေအိတ်ချထားပြီး ထိုနေရာမှာ ရပ်၍ ဘေးတန်းမှာ လက်ထောက်ထားသည် ။

ပုံပုံပါ သူ့ဘေးမှာ ထရပ်လိုက်မှ တစ်ဘက်က ဧရာဝတီကမ်းနဖူးဆီကို ငေးကြည့်နေ၍

“ပုံပုံဆိုတာကြီးကို ငါမကြိုက်ဘူး မင်းကိုယ်မင်း ပုံပုံလို့ မခေါ်ရဘူး ....”

“ဟင် ... ဒါဆို ...”

“ငါကလည်း ပုံပမာလို့ ခေါ်မယ် မင်းကိုယ်မင်းလည်း ဒီလိုပဲပြော.... ”

“ဟို.... ပုံပုံက အကျင့်....”

“အကျင့်ပါတာတွေ နှုတ်ကျိုးနေတာတွေ ဆင်ခြင်မပေးနဲ့ အခု ချောက်မြို့မှာ ဆင်းမယ် မင်း ပုံစံကို ပြောင်းရမယ် ကိုယ့်ကိုယ်ကို ပုံပမာလို့ ပြောတတ်အောင် ရန်ကုန်မရောက်ခင် လေ့ကျင့်ရမယ် နားလည်လား”

“ဟုတ်ကဲ့”

နေတံခါးက သံတန်းတွေကို ကျောကပ်မှီလိုက်ပြီး ပုံပုံကို စူးစိုက်ကြည့်ကာ

“ဟိုရောက်ရင် မိဘတွေမရှိဘူးဆိုတာပဲပြော အဖေက ဘယ်လို အမေက ဘာညာ ဘာမှ လျှောက်မပြောနဲ့ စကားကို မလိုအပ်ဘဲ အပိုတစ်ခွန်းမှ မထွက်စေနဲ့ ”

ပုံပုံက သူမျက်နှာကို မော့ငေးနေရှာသည် ။

သူထင်သည် ဟိုရောက်လျှင်တော့ ကြီးမကြီးတို့ က ကြည်ဖြူမှာ မဟုတ်ကြပါ။

ဒါပေမဲ့ ဒီကိစ္စမှာ တော့ သူအတိုက်အခံပြောဖို့ ဆုံးဖြတ်ထားခဲ့သည် ။

အဖေပါသေသွားပြီး မိဘမဲ့ခဲ့သည့် ပုံပုံလေးကို သူသနားသည် ။

ထမင်းကျွေးရုံ စောင့်ရှောက်ရုံအပြင် ဘာမှ ဖြစ်လာမည်မဟုတ်။

လောကီနဲ့ လောကုတ္တရာကို ဘယ်လိုဆက်စပ်နိုင်မလဲ။

ပုံပုံလေးသည် လူတကာ၏ ပေးကမ်းစွန့်ကျဲစာကိုစား၍ ဟိုလူခေါ်ခိုင်း ဒီလူခေါ်ခိုင်းနှင့် ဘဝ မှာ နစ်မွန်းသွားတော့မည်။

သူ့စေတနာက ပုံပုံကို ပညာတတ်မိန်းကလေးဖြစ်အောင် သူ့ဘဝကို သူ့ခြေထောက်ပေါ်မှာ ခိုင်မာစွာ ရပ်တည်နိုင်အောင်

“တူ....ဘော်”

ချောက်မြို့မှာ သဘော်ကပ်လျှင် သူတို့ နှစ်ယောက် ဆင်းခဲ့ကြ၏။

နေတံခါးက ပုဆိုးရေညှိစိမ်းရောင်ကွက်စိပ်နှင့် စပို့ရုပ် အပြာလက်တိုဝတ်ထားကာ ဝင်းသန့် ရှင်းသန့်နေသလောက် ပုံပုံက ချုပ်ရိုးအနားကွဲစလေးပါသည့် စကတ်အပွင့်ဖြူဖျော့ဖျော့လေးနှင့် အ ရောင်ခွဲလို့ ပင်မရတတ်သည့် တရုတ်ပိတ်ကို ချုပ်ထားသော အင်္ကျီခါးကျပွပွလေးကို ဝ

တ်ကာ နှစ် ယောက်က အတူတွဲသွားသော်လည်း ဆီနဲ့ ရေလို ဘာမှ မဆိုင်။

နေတံခါးက သားရေအိတ်ကို လွယ်ကာ မြင်းလှည်းငှား၍ အဝေးပြေးဂိတ်ကို အရင်သွား

သည် ။ ညနေပိုင်းထွက်မည့်ကားလက်မှတ်နှစ်စောင် ဖြတ်လိုက်ပြီးမှ စျေးကို လှည့်ပတ်၏။

ပုံပုံအတွက် ရှော့ပင်နဲ့ စပို့ရှပ်ဆင်တူလေးတွေ သုံးစုံခန့် ဝယ်ပြီးမှ ပုံပုံကို ဆံပင်ညှပ်ဆိုင်ကို ခေါ်သွား၏။

“သူ့ဆံပင်ကို ပခုံးလောက်ထိ ညှပ်ချလိုက်ပြီး ကြည့်ရှုကောင်းအောင် ပြင်ပေးပါ”

ဆံပင်ညှပ်ဆိုင်က ရွာမှာ လိုမဟုတ်ဘဲ တိုက်ကြီးကလည်း ဟည်းနေသည် ။ အထဲမှာ မှန်ချပ် ရှည်ကြီးတွေ လေးဘက်ကာရံထားသည် မို့ တစ်ကိုယ်လုံး မြင်နေရ၏။

ထို့ပြင် ဆံပင်ညှပ်ပေးနေကြသည့် ယောကျ်ားတွေကလည်း အများကြီး ဆံပင်ညှပ်ဖို့ ထိုင် စောင့်နေကြသည့် အမျိုးသမီးတွေကလည်း တစ်ပုံကြီး။

ပုံပုံ မြင်ခဲ့ရ အထူးအဆန်းတွေချည်း ဖြစ်နေတော့၏။

ထိုထဲက ထွက်လာတော့ ပုံပုံဆံပင်လေး နားရွက်အောက်မှာ ဝဲဝဲလေး ပြန့်လျက် ပျော့ပျော့ နွဲ့နွဲ့လေးဖြစ်နေသည် ။

လှလိုက်တာဟု မှန်ထဲမှာ လှည့်ပတ်ငေးနေစဉ် နေတံခါးက လက်ဆွဲထုတ်လာကာ သန့်စင် ခန်းဟု စာလုံးအကြီးကြီးတွေ ရေးထားသည့် တိုက်ကြီးဆီ ခေါ်သွားပြန်သည် ။

“ဟိုမှာ အမျိုးသမီးခန်းထဲကိုသွား အင်္ကျီ ဘောင်းဘီတွေ လဲလာခဲ့”

အံ့သြစရာကောင်းလိုက်တာ အထဲမှာ မှန်နဲ့ ဘီးနဲ့ လက်ကားတဲ့ ခွက်ကြီးနဲ့ ဒီဘက်မှာ အိမ် သာတွေ။

အမျိုးသမီးတွေက အိမ်သာတက်ပြီး ထွက်လာတော့ ခေါင်းဖြီးကြ၊ မှန်ကြည့်ကြ၊ ထဘီဝတ် ကြနှင့် အဆင်ကိုပြေလို့ ။

ပုံပုံမှန်ထဲကို ခြေဖျားလေးထောက်ကြည့်ကာ လတ်လတ်ဆတ်ဆတ် ညှပ်လာသည့် ကိုယ့်ဆံ ပင်လေးကို ဆွဲကြည့်လိုက် ပွတ်ကြည့်လိုက်လုပ်ရင်း အင်္ကျီထုတ်လေးကိုကိုင်လျက် လဲဝတ်ဖို့ မေ့နေ သည် ။

ပြီးမှ လွတ်နေသည့် ထောင့်လေးမှာ ပြေးကပ်၍ အပေါ်အင်္ကျီချွတ်ပစ်ကာ အတွင်းခံရှင်မီး လေးပေါ်ကို အင်္ကျီသစ်တွေ ထပ်ဝတ်လိုက်သည် ။

ဘောင်းဘီကလည်း အထက်လည်း မတက် အောက်လည်း မကျ ဘယ်လိုကြီးလဲ ဝတ်ပြီးကာမှ ခြေလက်မြောက်ကြည့် အိတ်တွေကို နှိုက်ကြည့်။

ဘာပဲဖြစ်ဖြစ် အသစ်တွေဝတ်ရပြီဆိုသည့် ပီတိနှင့် ခစ်ခနဲပင် ရယ်မိသေး၏။

ရန်ကုန်သွားတော့မည်ဆိုသည့် မှန်လုံကားကြီးပေါ်ကို တက်လိုက်ရသော အချိန်တွင် ပုံပုံ သွားလေးတွေပင် ပေါ်နေအောင် ပြုံးလို့

*

အခန်း(၃)

“ရပြီ ဦးလေး ရပ်တော့”

နေတံခါး စံအိမ်ဟု ရေထားသည့် ခြံတံခါးကြီးရှေ့မှာ ကားကို ရပ်ခိုင်းလိုက်သည်။

သူတို့ ကားပေါ်မှ ဆင်းလာစဉ် နေတံခါးစံအိမ်၏ တံခါးက အဆင်သင့်ဖွင့်သွားကာ

“ဟေး... ခါးပြန် လာပြီကွယ် ကောင်လေးပြန် လာပြီ”

အစိမ်းရောင်တံခါးရွက်ကြီးနှစ်ချပ်ကို အပြေးအလွှားဖွင့်ပြီး အတွင်းကို လှမ်းအော်လိုက် သည့် ပါးစပ်ကြီးက ကွမ်းချိုးတက်၍ နီရဲညိုမည်းလျက်....

“ခါးလေးရာ မင်းကိုချည်း မျှော်နေကြတာ မကြီးကဆို မနက်ဖြန် ပုဂံကို လိုက်ဖို့ ကားလက် မှတ်တောင်ဖြတ်ပြီးနေပြီ”

“ကျွန်တော် ပုဂံမှာ နေတာမှ မဟုတ်တာ ဘဘရ”

နေတံခါးလွယ်ထားသည့်အိတ်ကြီးကို ဘဘဆိုသည့်လူကြီးက ပြောင်းလွယ်ရင်း ပုံပုံကိုလည်း သေချာကြည့်၍

“ဒီကလေးမက ဘယ်ကလဲခါး”

“ကျွန်တော်မွေးစားဖို့ ခေါ်လာတာ”

“ဟေ”

ခြံဝန်းတံခါးနဲ့ တိုက်ရှေ့ကို အတော်ကြီးလျှောက်ရသေးတော့ စောစောက ဘဘလှမ်းအော် လိုက်တာကိုလည်း ကြားကြပုံမရပါ။

ပုံပုံနဲ့ နေတံခါး ပေါ်တီကို ရှေ့ရောက်မှ

“ဟယ်... ကောင်လေး”

ပထမဆုံး မြင်တွေ့၍ ဒေါ်စိုးစိုး ဆိုဖာပေါ်ကနေ ရုတ်ခနဲ ထရပ်လိုက်သည် ။

“မမကြီးရေ ... ဟောဒီမှာ ကောင်လေးပြန် လာပြီ”

“ဟေ ဟုတ်လား”

“ လာပြီ...ဟေ”

အသံတွေအရင်ထွက်ပေါ်လာကာ ထောင်ထောင်မောင်းမောင်း ခပ်ဖိုင့်ဖိုင့်အမျိုးသမီးကြီးတစ် ယောက်နှင့် ခပ်သွယ်သွယ်မြင့်မြင့် အမျိုးသမီးတို့ အလျှိုလျှိုထွက်လာကြ၏။

“အမလေး လေး ကျုပ်မပြောဘူးလား ကြည့်ပါဦး ကျုပ်သား အသားတွေမည်းသွားပြီ”

“ဟုတ်ပ ကောင်လေးရယ် အသားတွေ ညစ်ညစ်ပြီး ပြာသွေးပြီး ဒီလောက်အကြာကြီး ပုဂံမှာ ဘုရားဖူးရတာကို တော်တော်နှစ်သက်နေတယ်ပေါ့လေ”

“မဟုတ်ပါဘူး.... ကြီးငယ်ရာ... ပုဂံမှာ ကျွန်တော် နှစ်ညအိပ်ပဲနေတာ”

“ဟင် ....ဒါဖြင့် ဘယ်မှာ သွားနေသလဲ”

“တန့်ကြည့်တော်ဗျာ...”

“အို...ပိုဆိုးတာပေါ့ အဲဒီမှာ လူမည်းတွေက များ တာကိုး”

နေတံခါး ရယ်ကျဲကျဲလုပ်နေရင်း နေတံခါးနောက်မှာ ကုတ်ကုတ် လေးရပ်နေသည့် ပုံပုံကို ကြီးမေကြီးတွေ့သွားကာ

“ဟဲ့...သူက ဘယ်သူလဲ ဘယ်ကဟာလဲ”

“သူက တန့်ကြည့်တော်ကပဲ ကြီးမေကြီး ... မိဘမဲ့ကလေးမို့ သနား လို့ ခေါ်လာတာ”

“ဘာ...ဘယ်လိုကွယ်”

ကြီးမေကြီး အော်သံကြောင့် ပုံပုံတုန်ခနဲဖြစ်သွားကာ နေတံခါးနော က်ကို ပုန်းကွယ်ရပ်လိုက် ရှာ၏။

“ဒါ တန့်ကြည့်သူ ဟုတ်လား မဖြစ်နိုင်တာ ပြီးတော့ ဒီပုံစံလား ခိုကိုး ရာမဲ့နေတဲ့ ပုံ”

ကြီးငယ်ကတော့ ဘာမှ ဝင်မပြောသေးဘဲ ဆံပင်ညိုရွှေရောင် ပျော့ နဲ့ နဲ့ လေးများ နှင့် ဆယ့်သုံး နှစ် ဆယ့်လေးနှစ်ခန့်ရှိနိုင်သော ကောင်မ လေးကိုပဲ အကဲခတ်နေသည် ။

မမကြီး မယုံတာလည်း အပြစ်မဆိုသာပါ။

ကောင်မလေးပုံစံက ဖြူဖြူနုနုလေး နှုတ်ခမ်းပါးနီနီလေးများ နှင့် ဖြောင့်စင်းကော့ချွန်နေ သည့် နှာတံလေးက အမေရိကန်မလေးနဲ့ တူသ ည် ။

မျက်လုံးက ဘယ်လို မျက်ခုံးက ဘယ်လိုဟု တစ်ခုစီစာဖွဲ့ပြရတတ် အောင် မလှသော်ငြား သေးမျှင်သော စိမ်းညိုညို့မျက်ခုံးတန်းလေးက

ထင်းနေကာ တောရွာသူတစ်ယောက်ဟု ထင်ရက်စ ရာ ဘာမှ မရှိဘဲ မွတ်စင်းလှနေသည် ။

ထို့ပြင် ကောင်လေးရဲ့ နောက်ကနေ မရဲတရဲ ချောင်းကြည့်လာသော မျက်ဝန်းလေးတွေက အပြစ်ကင်းစင်ကာ ချစ်စရာလေး ဖြစ်၏။

“ဇယားတွေ ရှုပ်လာပြန်ပြီ ခါးရယ် ဟဲ့ကောင်မလေး လာစမ်း...လာစမ်း ဒီကို”

အကွက်အကွက်ထကာ ပေါလစ်ရောင် ပြောင်နေသော ကျွန်းစားပွဲကြီး၏ ခြေထောက်လေး ချောင်းက ခြသေ့လေ်းကောင် ဆောင့်ကြောင့်ထိုင် နေသကဲ့သို့ ပန်းပုပန်းခက်များ နှင့် ဘေးကိုဖုထွက်ကော့ညွတ်နေသည် ဖြစ်ရာ ကြီးမကြီးခေါသံကြောင့် ကတုန်ကယင်ဖြစ်၍ ထွက်လာရသည့် ပုံပုံတစ် ယောက် စားပွဲခြေထောက် တစ်ဖက်နှင့် ခလုတ်တိုက်ကာ ကြီးမကြီးရှိရာသို့ အော်တိုမစ်တစ်ရောက် သွား၏။

“အမလေးနော်.... စတွေ့လိုက်ရကတည်းက မျက်စိနောက်စရာဟဲ့ ...လာစမ်း ဒီမှာ ထိုင်”

ကြီးမကြီးက သူ့ခြေရင်းတွင် ထိုင်ခိုင်းသဖြင့် ပုံပုံကြမ်းခင်းကော်ဇောပေါ်မှာ ကျုံ့ကျုံ့လေး ထိုင်လိုက်၏။

“မင်းနာမည် ဘယ်သူလဲ”

“ပုံ...ပုံပမာ ဒွေးကြီး”

“ဘာ ဘာရယ် ဘာကြီးလဲ ဒွေးကြီးဆိုတာ ကျုပ်ကို ခေါ်လိုက်တာလား”

မျက်မှန်ကြီးကိုပင့် ပေါင်ပေါ်မှာ ခါးထောက်လိုက်ကာ ကြီးမကြီး ဆတ်ဆတ်ခါသွားတော့ ပုံပုံ အသက်ရှူမှားသွား၏။

“ဒွေးဆိုတာ အဒေါ်ကို ခေါ်တာပဲ ကြီးမေကြီးရာ ကြီးမေကြီးတို့ သူမ ခေါ်တတ်လို့ ဒွေးကြီး လို့ ခေါ်တာပါ”

နေတံခါးက ဝတ်ထားသည့် စပို့ရှပ်ကို ခေါင်းကနေ လှန်ချွတ်လိုက်သည် ။

ကြီးငယ်က စားပွဲအောက်ထပ်ထဲက ယပ်တောင်ကိုဆွဲ၍ တဖျတ်ဖျတ်ခတ်ပေး၏။

ကြီးလတ်က စွတ်ကျယ်အဖြူ ဂျိုင်းပြတ်လေးနှင့် မြင်သွားသည့် နေတံခါး၏ လက်မောင်းကို ပွတ်သပ်ကြည့်လိုက်ပြီး ...

“ချွေးတွေရှိတယ် တိုးရဲ့ ယပ်ခတ်မပေးနဲ့ အအေးပတ်သွားလိမ့်မယ် အဲယားကွန်းသွားဖွင့် လိုက်”

ကလေးငယ်တစ်ယောက် ပြုစုသလို ပျာယာခတ်နေကြသည့် အမျိုးသမီးကြီးတွေဆီ အာရုံ ရောက်သွားပြန်ကာ ပုံပုံငေးမိငေးရာ ငေးသွား၏။

“ဟဲ့ ကောင်မလေး”

“အမေ့”

“ဒီမှာ ကျုပ်ကိုပဲကြည့် မေးတာကို ဖြေစမ်း”

“ကျွန်တော့်ကို မေးပါ ကြီးမေကြီးရာ ပြောပြမလို့ သေသေချာချာထိုင်နေတာ သူဒီလောက် ကြောက်နေတာ ကြီးမေကြီးကို ဘယ်လိုလုပ်ဖြေနိုင်တော့မှာ လဲ”

“အို ကြောက်ရအောင် ကျုပ်က အစွယ်ပေါက်နေလို့ လား။ မင်းကိုမေးချင်လို့ သူ့ကိုပဲ မေး တာပေါ့.... ဟဲ့ မင်းမိဘတွေက ဘာလုပ်သလဲ”

“ပုံ...ပုံပမာ အမေက အလယ်တန်းအဆင့်ဦးစီးလို့ ပြောပါတယ် အဖေက အ...အဲ”

အရက်ကို ယောင်ပြောမိမတတ်ဖြစ်သွားကာ နေတံခါးကို လှမ်းကြည့်လိုက်ပြီးမှ

“အဖေက ကျွန်းချောင်းဓာတ်မြေဩဇာစက်ရုံက စာရေးလို့ ပြောပါတယ် ဒွေး...အဲ့”

“နေပါဦး ... ပြောတယ်ဆိုတာချည်းပါပဲလား ကိုယ့်မိဘ ဘာဆိုတာကို မင်းက သူများ ပြောမှ သိရတာလား”

“ဟုတ်....ဟုတ်ကဲ့ အမေက ပုံပမာငယ်ငယ်ကတည်းက ဆုံးသွားတာပါ အဖေက ဆုံးတာ မကြာသေးပေမယ့် ....”

“သူ့အဖေက ရောဂါရှိလို့ အလုပ်ကထွက်နေရတာ ကြာပြီဆိုတော့ သူလူမှန်းသိတတ်စအရွယ် မှာ အလုပ်မှ မလုပ်တော့တာ ဘာသိမှာ လဲ”

ပုံပမာ စကားတွေ ချော်ထွက်ကုန်တော့မှာ ကို သိလိုက်သဖြင့် နေတံခါးက ကြားဖြတ်ဝင်ဖြေ လိုက်သည် ။

ဒါကို အကင်းပါးသည့် ကြီးမေကြီးက မကျေနပ်ချင်။

“သေတာက ဘာရောဂါလဲ ကူးစက်ရောဂါနဲ့ လား”

“မဟုတ်ပါဘူး အစာအိမ်နဲ့ သေတာလို့ ပြောကြတာ”

“ကောင်လေး မင်းကို ကျုပ်မမေးဘူး”

“မမေးလို့ မရဘူးလေ ကြီးမေတို့ ကို သူ့အကြောင်းပြောမလို့ သွားမနားသေးဘဲ ထိုင်စောင့်နေ တာ”

“ကဲ...ဟုတ်ပါတယ် မမကြီးရယ် ခါးဖြေတဲ့ လုံးစေ့ပတ်စေ့ကိုပဲ နား

ထောင်လိုက်ပါတော့ ဟို က တောင်ဖြေ မြောက်ဖြေနဲ့ မမကြီးပဲ စိတ်တို ရမှာ ”

ကြီးလတ်က ဝင်ပြောမှ ကြီးမေကြီး လက်လေးတွန့်၍ နေတံခါးရှင်းပြသည် တို့ ကို နားထောင် ဖော်ရလာသည် ။

“မိဘမျိုးရိုးက သန့်ပါတယ်၊ ရွာသူတွေနဲ့ သူမတူတာက သူ့အမေက ရွာသူမဟုတ်လို့ ပါ မိန်း ကလေးလည်း ဖြစ်နေတယ် အားကိုးစရာ ဆွေမျိုးသားချင်း တောင့်တောင့်တင်းတင်းကလည်း မရှိ တော့ ဘဝတစ်ခုကို ကယ်တင်ချင်တာနဲ့ ကျွန်တော်ခေါ်လာခဲ့တာပါ”

ကြီးမေကြီးက ပုံပုံကို မပြတ်တမ်း စိုက်ကြည့်အကဲခတ်နေရာမှ ခေါင်းညိတ်ကာ

“အေးပေါ့လေ ဒီလိုနောက်ကြောင်းရှင်းရင်လည်း ကောင်းပါတယ်။ အ ိမ ်မ ၅ လက်တိုလက် တောင်းခိုင်းရတာပေါ့.... ခုခေတ်က အိမ်ဖော်ခေါ်ဖို့ တောင် လွယ်တော့တာ မဟုတ်ဘူး ”

“သူ့ကို ခိုင်းဖို့ ခေါ်လာတာ မဟုတ်ဘူး ကြီးမေကြီး ပညာသင်ပေးဖို့ ခေါ်လာတာ”

“ဘာ”

“ဟုတ်တယ် ... သူ့ကို ကျွန်တော် ပညာဆုံးခန်းတိုင်အောင် သင်ပေးမယ် .... သူ့ဘဝသူ ရပ် တည်နိုင်အောင် ပြုစုပျိုးထောင်ပေးမယ် ကြီးမေကြီးတို့ ကို မတိုင်ပင်ဘဲ ဆုံးဖြတ်ခဲ့တာက ခရီးက အ လှမ်းဝေးနေလို့ ပါ .... အခု ကျွန်တော် စိတ်ထက်သန်စွာလုပ်မယ့်ကိစ္စမှာ လည်း ကြီးမေကြီးတို့ ကြည် ဖြူပေးစေချင်ပါတယ်။ သူ့အတွက် အသက်လောက်လိုအပ်နေတဲ့ အရာအားလုံးဟာ ကျွန်တော့်အ တွက် အပန်းတကြီးမှ

မဟုတ်တာ”

“အို... အပန်းမကြီးဘူးလို့ ပြောလို့ ရမလား ခါးရယ်... လူတစ်ယောက်လုံးကို တာဝန်ယူရ တာ လွယ်တာမှ မဟုတ်ဘဲ ပြီးတော့ မိန်းကလေး ၊ သူ့အတွင်းစိတ် ဗီဇကို ဘယ်လိုလုပ်ခန့်မှန်းမလဲ။ ကိုယ့်လက်ထဲမှာ တစ်ခုခု ဖောက်ပြန်သွားရင် တာဝန်ယူတဲ့ လူ ဘာဖြစ်သွားမလဲ”

“ဒါကတော့ တတ်နိုင်သမျှ ထိန်းကျောင်းရမှာ ပဲ ကျွန်တော်က ခေါ်လာခဲ့ပြီးပြီ ကျွန်တော့်ရည် ရွယ်ချက်ကို ကြီးမကြီးတို့ ကူညီပါလို့ လည်း တောင်းပန်ချင်တယ်”

“တော်တော်မိုက်တဲ့ ကောင်လေး”

ကြီးမကြီး ဒေါသထွက်နေသည် ၊ ဒါပေမဲ့ ပြောစရာစကားက ရှားနေ၏။

“အေးလေ...ခေါ် လာပြီးမှ တော့ ဘာတတ်နိုင်မှာ လဲ”

“ကြီးငယ်တော့ ဇယားတွေ ရှုပ်လာမှာ ပဲ စိုးတယ် သူ့အတွက် ကုန်ကျစရိတ်စကကို ဂရုမစိုက် ပေမယ့် တောသားရဲတော့ ဆွဲထုတ်ရသတဲ့ အခွင့်အရေးရမှန်းသိတိုင်း ဇွတ်ယူပြီး မမြင်ဖူးတာမြင်ရ

မကိုင်ဖူးတာ ကိုင်ရနဲ့ စိတ်ဓာတ်ပျက်ပြားသွားရင် ဒါမျိုးကမှ ကြောက်စရာကောင်းတာ”

ကြီးလတ်ကလည်း မျက်နှာထားတင်းတင်းနဲ့ ပြောပြန်သည် ။

အားလုံးပြောသမျှ ပုံပမာ မျက်နှာလေး ဟိုကြည့် ဒီကြည့်နှင့် ငိုမဲ့မဲ့ဖြစ်နေရှာ၏။ နေတံခါး စိတ်မကောင်းဖြစ်သွားမိကာ နေရာမှ ထရပ်လိုက်ပြီး ...

“ဒါဆို ကြီးငယ်တို့ သဘောမတူကြဘူးပေါ့”

“ဟင်... ကျုပ်တို့ က သဘောမတူတော့ ရှင်လေး ဘာလုပ်မလို့ လဲ”

“သူ့ကို ဘိုးဘိုးတို့ အိမ်သွားပို့မယ် ဘိုးဘိုးတို့ က မြေးလိုချင်နေတော့ ကြည်ဖြူကြမှာ ပဲ”

“အို... ဒီလို မလုပ်ရပါဘူး...ထိုင်နေစမ်း ကောင်လေး”

ကြီးမေကြီးရော ကြီးလတ်ပါ ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည် ။

တူဖြစ်သူ စိတ်ခုထွက်သွားမှာ ကိုတော့ နည်းနည်းလေးမှ မခံနိုင်ကြပေ။

ဒီလူတွေကတော့ လူဆိုး ဟိုက အဘိုးအဘွားတွေကျတော့ လူကောင်းဖြစ်ကြလိမ့်မယ်။ ပြီး တော့ သူမွေးတဲ့ ကလေး ဟိုမှာ ရှိတော့ ဟိုမှာ ချည်းပဲ ဒီကောင်လေး ရောက်နေမှာ ။

“သူ့ကို ကျုပ်တို့ မွေးပါမယ် ... အဲ ကျုပ်တို့ ဆုံးမတာ ဆူတာ မာန်မဲတာကိုတော့ မင်းဝင်မ ပြောရဘူး မိန်းကလေးဆိုတာ ဖိထောင်းထားနိုင်မှ ...”

နေတံခါး နေရာမှာ ပြန်ထိုင်လိုက်၏။

“ဆုံးမတာက ပြဿနာမရှိပါဘူး။ သူစာကြည့်ချိန် ပညာရေးကို ဂရုစိုက်ပေးဖို့ ပဲ အဓိက ကျွန် တော် ပုဂံမသွားခင်က အောင်စိုးကိုမှာ ခဲ့တဲ့ ပါပလစ်ကာ ကားလေးကို စျေးဖြတ်ယူလိုက်တော့မယ်... အဲဒါ သူ့ကို ကျောင်းပို့ကျောင်းကြိုလုပ်ဖို့ ...”

ညီအစ်မတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ သူတို့ က ကလေးငယ်လေးလို ပိုးမွေးသလို မွေးလာခဲ့ မွေးနေဆဲပေမယ့် နေ

တံခါးဟာ သိန်းပေါင်းများ စွာ ဝင်ငွေရှိနေတဲ့ နိုင်ငံကျော် စာရေးဆရာ။

သူတို့ ထံမှာ အစစ အရာရာ လက်ဖြန့်နေရသည် မဟုတ်ဘဲ သူ့ငွေနဲ့ သူဝယ်မှာ ခြမ်းမှာ ကို ဘယ် လိုတားဆီးမလဲ....

“ကဲ... ပုံပမာ ...ထ... ခဏနားပြီး ရေချိုး အိပ်ချင်အိပ် မအိပ်ချင်ရင် ထမင်းဆင်းစား ဒေါ်မန်း....”

ပုံပမာကို ပြောပြီး ဒေါ်မန်းကို တစ်ခါတည်း လှမ်းခေါ်ကာ

“ပုံပမာကို အပေါ်ထပ် တစ်ခန်းခန်းမှာ နေရာလုပ်ပေးလိုက်ပါ။ ပြီးတော့ ရေချိုးခန်းကိုပါ ပြ ထားခဲ့လိုက်နော် ဒီ့ပြင်လိုအပ်တာ ဒေါ်လေးပဲ စီစဉ်ပေးလိုက်ပါ”

“အေး....အေး...လာ သမီးလေး လာ”

နေတံခါးက ထရပ်လိုက်သည် ။

“နေဦး သား.... သစ္စာလဲ့နဲ့ ကိစ္စ ကြီးငယ်တို့ ဘာလုပ်ရမလဲ”

နေတံခါးက ခပ်မဲ့မဲ့ပြုံးလိုက်ပြီး ချွတ်ထားသည့်အင်္ကျီကို ကောက်ယူလိုက်ကာ...

“ကျွန်တော် လုံးဝစိတ်မဝင်စားဘူး ကြီးငယ် ဦးရာလူနဲ့ ယူလိုက်ပါလို့ ”

“ကြည့်စမ်း ဒီကောင်လေး”

*